# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း (၁၀)ရက် ၊ စနေနေ့ ၊ (25-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၅၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများကို တွေ့ဆုံ



**နေပြည်တော် ဧပြီ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကျည်တောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ယခုကဲ့သို့ ဇေယျာသီရိမြို့နယ် မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံခွင့်ရသည့်အတွက် လွန်စွာကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့်အတိုင်း မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုတွေ့ဆုံပွဲတွင်လည်း ဒေသခံ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒနှင့် အသံကို နားထောင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူနှင့်အတူ တစည်းတလုံးတည်း ဒေသကောင်းကျိုးများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးကိစ္စများကိုလည်း စည်းစည်းလုံးလုံး သစ္စာရှိရှိ ဆက်လက်ဆောင်ရွက်သွားရန်နှင့်

စာမျက်နှာ ၁၉ ကော်လံ ၄

**ထူးခြားသည့် နေ့အပူချိန်များ**

(၂၄-၄-၂၀၂၆)

| | |
|---|---|
| ချောက် | ၄၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၃ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |

# မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် မြို့များသို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲ

**နေပြည်တော် ဧပြီ ၂၄**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့များသို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် L-410 လေယာဉ်ငယ်များဖြင့် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကို အခြေပြု၍ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့ နှင့် ကော့သောင်းမြို့တို့သို့လည်းကောင်း ယနေ့နံနက်ပိုင်းမှ စတင်ပျံသန်းပြေးဆွဲလျက်ရှိသည်။

လေယာဉ်ခရီးစဉ် ပျံသန်းမှုများအနေဖြင့်

စာမျက်နှာ ၁၉ ကော်လံ ၄






ရတနာပုံ
၂၀၂၆ ခုနှစ် ဧပြီ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများကို လက်ကမ်းကြိုဆို

ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲမှဖြစ်တည်လာသည့် အစိုးရသစ်အနေဖြင့် နိုင်ငံ၏ ပကတိအခြေအနေနှင့် ပြည်သူများ၏လိုလားချက်တို့ကို အကောင်အထည်ဖော်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးမှာ မဖြစ်မနေလိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီက NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးထားပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှ သွေဖည်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန် အလေးအနက်ပြု ဖိတ်ခေါ်ကမ်းလှမ်းလိုက်ပြီဖြစ်သည်။

ထို့ပြင် နိုင်ငံတော်အစိုးရသည် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာပြီး နိုင်ငံတော်၏သဘောထားအမှန်ကို သိရှိလာသော PDF အမည်ခံအဖွဲ့ဝင် အမျိုးသား (၄၇၀) ဦးနှင့် အမျိုးသမီး(၄၇)ဦး စုစုပေါင်း (၅၁၇)ဦးတို့သည် လက်နက်မျိုးစုံ (၃၁)လက်၊ လက်ပစ်ဗုံး၊ ဗုံးသီး (၄၈) လုံး၊ စကားပြောစက် (၁) လုံး၊ ကျည်အိမ်မျိုးစုံ (၃၅)ခု၊ ကျည်မျိုးစုံ (၁၂၉၈) တောင့်၊ မိုင်းမျိုးစုံ (၃) လုံး တို့နှင့်အတူ ဧပြီ ၂၄ ရက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဥပဒေဘောင်အတွင်းသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်လာမှုကို မင်္ဂလာရှိစွာတွေ့မြင်ရသည်။

ယခုကဲ့သို့ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူ PDF အမည်ခံအဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်သွားမည်ဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများသည် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းသည် ဘေးကင်းရန်ကွာ စိတ်အေးချမ်းသာယာလုံခြုံမှုရှိစေမည်ဖြစ်ရာ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်တပ်မတော်က နိုင်ငံသားများအပေါ်ထားရှိသည့်စေတနာကို နားလည်ပြီး ဥပဒေဘောင်အတွင်းသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြ၍ နိုင်ငံနှင့်ပြည်သူအပေါ် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပေသည်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကသာ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၆၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကသာမြို့နယ်၌ ၄၅ ကေ၊ ထီးချိုင့်မြို့နယ်၌ ကေ ၁၀၂၀ စုစုပေါင်း ၁၀၆၅ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၄၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ မတ်ပဲ ၁၀၆၅ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် ဧပြီလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ဖူးစားပြောင်းများ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ အရောင်းအဝယ် ကောင်းလာခြင်းသည် ဒေသထွက် ဖူးစားပြောင်းကို ပုသိမ်မြို့အပါအဝင် အခြားဒေသများက ဝယ်ယူမှုကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဖူးစားပြောင်းတွေကို ဧပြီလဒုတိယပတ်လောက်ကနေ သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်" ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ မှ ၃၅၀၀၀ ထိ အရွယ်အစားပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မယ်ဇလီကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၂ ဦးကို ရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြစ်သားမြို့နယ်၌ ကင်းစိန်ဈေး(ရ)ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြစ်သား မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းစိန်ဈေး (ရ) ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက VDP စီမံကိန်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် မူဘောင်များနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက VDP စီမံကိန်းလုပ်ငန်းကော်မတီဝင် ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များ၏ တာဝန်၊ ဝတ္တရားများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကင်းစိန်ဈေး (ရ) ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကင်းစိန်ဈေး(ရ) ကျေးရွာ၌ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သဲကုန်းမြို့နယ် မအူကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သဲကုန်း မေ ၂၄**


ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် ဝန်ထမ်းများက မအူကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

မအူကန်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၃၂ သန်းဖြင့် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆ ခုနှစ် ဧပြီလ ဒုတိယပတ်မှစတင်တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း နတ်တလင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကျားကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကျား ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကျား ၁၁၂၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲကျားစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကျား ၁၁၂၈ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကျားစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကျားစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ပဲကျားစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် အထွက်နှုန်း ကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကျားကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကျားကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ဆူးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း မေ ၂၄**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆူးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၅၂ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆူးဖြူကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

# နေပြည်တော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဖေဖော်ဝါရီလအတွင်းက သီးထပ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မတ်လအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ တစ်လအတွင်း သီးထပ်ရင်ဆန်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်လို့ခေါ်တဲ့ ဆန်အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းလာတာဖြစ်ပါတယ်။ ဆန်စပါးဈေးကွက်မှာကို သီးထပ်ရင်ဆန် အမျိုးအစားက အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်းကတင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်ဆန်၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်းသိရသည်။

**ကျော်ကျော်လင်း**



# ပဲပင်ပေါက်ကပေးသည့်ကျန်းမာရေးအကျိုးကျေးဇူးများ

## ဒေါက်တာလပြည့်ခင်



**ပဲပင်ပေါက် (Bean Sprouts)**

လူတိုင်းနီးပါးစားသုံးကြသည့် ပဲပင်ပေါက်၏ ကျန်းမာရေးအတွက် အကျိုးရှိပုံများကို တင်ပြလိုပါသည်။ ပဲပင်ပေါက်ဆိုသည်မှာ ပဲအစေ့ကလေးများမျိုးစုံက ပေါက်လာသည့်အပင်ဖြစ်ပြီး ထိပ်ဖျားတွင် အဝါရောင်အရွက်နှစ်ခုရှိနေကာ အဖြူရောင်ရိုးတံနှင့် အမြစ်ခပ်ပါးပါးလေးပါသည့် အပင်ငယ်ကလေးများဖြစ်သည်။ ပဲပင်ပေါက်သည် အာရှနိုင်ငံအများစုတွင် စားလေ့ရှိသည့်ကြွပ်ကြွပ်ဆတ်ဆတ်နှင့်ကျန်းမာရေးအတွက် သင့်တော်လှသည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ Fabaceae (Leguminosae ) မျိုးရင်းဝင် ပဲပင်ပေါက်ကို အင်္ဂလိပ်လို Bean Sprouts ဟုခေါ်ပြီး သိပ္ပံအမည်မှာ Vigna Radiate ဖြစ်သည်။ Mung Bean Sprouts ဟုခေါ်သည့် ပဲတီစိမ်းမှပေါက်လာသည့် ပဲပင်ပေါက်ကို အာရှဒေသများတွင် အစားအစာအဖြစ် အလွန်အသုံးများသည်။ ပဲပင်ပေါက်သည် အာဟာရဓာတ်ကြွယ်ဝပြီး ခန္ဓာကိုယ်အတွက် အကျိုးပြုသော အာဟာရများစွာ ပါဝင်သည်။

**ပဲပင်ပေါက်အမျိုးအစားများ**

ပဲပင်ပေါက်အမျိုးအစားများစွာရှိသည့်အနက် အများဆုံးစားသုံးကြသည်မှာ မုန်လာပဲပင်ပေါက်ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Vigna Radiate ဟုလည်းကောင်း၊ ကိုရီးယား၊ ဂျပန်ဟင်းလျာများတွင် အများဆုံးအသုံးပြုသည့် ပဲပုပ်ပင်ပေါက် (Soybean Sprouts) ၏ ရုက္ခဗေဒအမည်မှာ Glycine Max ဟုလည်းကောင်း၊ ပဲစေ့ (Chickpea Sprouts)၏ ရုက္ခဗေဒအမည်မှာ Cicer Arietinum ဟုလည်းကောင်း၊ ပဲလွှာ (Lentil Sprouts) ၏ ရုက္ခဗေဒအမည်မှာ Lens Culinaris ဟုလည်းကောင်း ပဲပင်ပေါက်အမျိုးအစားစုံရှိသည်။

**ပဲပင်ပေါက်စားသုံးမှုပုံစံ**

ပဲပင်ပေါက်ကိုပဲပြားနှင့်ရောကြော်၍ စားသုံးကြသကဲ့သို့ အသုပ်နှင့် မုန့်ဟင်းခါးထဲတွင်လည်း ထည့်သွင်းစားသုံးကြသည်။ ပဲတီချဉ်သုပ်ကလည်း မြန်မာလူမျိုးများအကြိုက် ခံတွင်းမြိန်စေသည့် ဟင်းလျာတစ်မျိုးဖြစ်သည်။ ပဲပင်ပေါက်ကို ကြော်၍ဖြစ်စေ၊ အသုပ်များတွင် ထည့်သွင်း၍ဖြစ်စေ၊ သုပ်၍ဖြစ်စေ၊ ဟင်းချိုချက်၍ဖြစ်စေ၊ အချဉ်စိမ်၍ဖြစ်စေ စသည်ဖြင့်ပုံစံအမျိုးမျိုး ပြုလုပ်စားသုံးနိုင်သည်။ ပဲပင်ပေါက်သည် အာဟာရဓာတ်ကြွယ်ဝပြီး ခန္ဓာကိုယ်အတွက် အကျိုးပြုသော အာဟာရများစွာ ပါဝင်သည်။

**ပဲပင်ပေါက်စိုက်ပျိုးမှုပုံစံ**

ပဲပင်ပေါက်ကို မိမိတို့နေအိမ်တွင်း၌ပင် အလွယ်တကူနှင့် အချိန်တိုအတွင်း စိုက်ပျိုးနိုင်သည်။ မိမိတို့အိမ်တွင် ကိုယ်တိုင်ပဲပင်ပေါက်ဖောက်စားသုံးလိုပါက ခြောက်သွေ့ပြီး လတ်ဆတ်သည့်ပဲတီစိမ်းကဲ့သို့ အစေ့သေးသော ပဲစေ့များကို အသုံးပြုရသည်။ ထို့နောက် ဖန်ပုလင်းသန့်တွင် ပဲစေ့များ ထည့်ကာ ရေ (၈-၁၀) နာရီစိမ်၍ ရေစစ်ပြီး ချည်သားအဝတ်စဖြင့်ပတ်ကာ နေရောင်တိုက်ရိုက်မကျသော နေရာတွင် ထားရသည်။ တစ်နေ့လျှင် ရေနှစ်ကြိမ်မှ သုံးကြိမ် စိုရုံဖြန်းပေးခြင်းဖြင့် သုံးရက်မှ ခုနစ်ရက်အတွင်း ပဲပင်ပေါက်များရရှိမည်ဖြစ်သည်။

**ပဲပင်ပေါက်တွင်ပါဝင်သောအာဟာရဓာတ်များ**

ပဲပင်ပေါက်တွင် ကိုယ်ခန္ဓာတည်ဆောက်ရေးနှင့် ကြွက်သားများအတွက် အရေးကြီးသည့် ပရိုတင်း (Protein)၊ အစာခြေစနစ်ကောင်းစေပြီး ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးသည့် ဖိုင်ဘာ (Fiber)၊ ကိုယ်ခံအားတိုးစေပြီး အရေပြားကျန်းမာရေးကောင်းမွန်စေသော ဗီတာမင် C၊ သွေးကြောကျန်းမာရေးနှင့် သွေးခဲခြင်းကို ထိန်းညှိပေးသည့် ဗီတာမင် K၊ စွမ်းအင်ထုတ်လုပ်မှုနှင့် ဦးနှောက်လုပ်ဆောင်မှုအတွက် အရေးကြီးသည့် ဗီတာမင် B အုပ်စုများ (B1၊ B2၊ B6)၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် အထူးအရေးကြီးသည့် ဖောလိတ်၊ သွေးအားကောင်းစေသည့် သံဓာတ် (Fe)၊ နှလုံးနှင့်ကြွက်သားကျန်းမာရေးအတွက်လိုအပ်သည့် မဂ္ဂနီစီယမ် (Mg) နှင့် ပိုတက်စီယမ် (K) တို့ပါဝင်သည်။

**ပိုးမွှားကူးစက်မှုမှကာကွယ်ပေးခြင်း**

ပဲပင်ပေါက်တွင် ဗီတာမင် C ကြွယ်ဝစွာပါဝင်မှုကြောင့် ခန္ဓာကိုယ်၏ ရောဂါတိုက်ဖျက်နိုင်စွမ်းကို မြှင့်တင်ပေးပြီး ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကူးစက်မှုမှ ကာကွယ်ပေးသည်။

**ရောင်ရမ်းမှုကိုထိန်းညှိပေးခြင်း**

ပဲပင်ပေါက်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) ပါဝင်မှုက ဆဲလ်များပျက်စီးခြင်းကို လျော့ကျစေကာ ရောင်ရမ်းမှုကို ထိန်းညှိပေးသည်။

**သွေးအားကောင်းစေခြင်း**

ပဲပင်ပေါက်တွင် သံဓာတ် (Fe) နှင့် ဖောလိတ်ဓာတ် (Folate) ကြောင့် သွေးနီဆဲလ် ထုတ်လုပ်မှုကို ကူညီပေးသည်။

**အသားအရေတောက်ပစေခြင်း**

ပဲပင်ပေါက်တွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) ကြောင့် အရေပြားကိုကာကွယ်ပြီး အိုမင်းမှုနှောင့်နှေးစေသည်။

**ကိုယ်ခံအားကောင်းစေခြင်း**

ပဲပင်ပေါက်တွင် ဗီတာမင် C ပါဝင်မှုကြောင့် ကိုယ်ခံအားကိုကောင်းစေနိုင်ပြီး ရောဂါပိုးများကူးစက်မှုမှ အထိရောက်ဆုံး ကာကွယ်ပေးနိုင်သည်။ ဓာတ်တိုးဆန့်ကျင်အာနိသင် (Antioxidant) ပါဝင်နေသောကြောင့် ခန္ဓာကိုယ်ကိုကျန်းမာစေပြီး ဇီဝကမ္မလုပ်ငန်းစဉ်များကို အကောင်းဆုံးလည်ပတ်စေနိုင်ပြီး ဗီတာမင် A ပါဝင်နေသောကြောင့်လည်း ခန္ဓာကိုယ်ကို အကောင်းဆုံးထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

**နှလုံးရောဂါအန္တရာယ်ကို လျော့ပါးစေခြင်း**

ပဲပင်ပေါက်တွင် ပိုတက်စီယမ် (K) နှင့် ဖိုင်ဘာ (Fiber) ကြောင့် သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး နှလုံးရောဂါအန္တရာယ်ကို လျော့ပါးစေသည်။

**ဇီဝကမ္မဖြစ်စဉ်များကို ကောင်းမွန်စေခြင်း**

ပဲပင်ပေါက်တွင် ဇီဝကမ္မဖြစ်စဉ်များကို အကောင်းဆုံးလည်ပတ်စေနိုင်ရန် ထောက်ပံ့ပေးနိုင်သည့် အခြားစားစရာများမှ ရရှိရန်ခက်ခဲသည့် အင်ဇိုင်းတစ်မျိုးပါဝင်နေသည်။ ထို့ပြင် ပဲပင်ပေါက်တွင် ကြွက်သားတည်ဆောက်မှု၊ ဆဲလ်များဖြစ်ပေါ်မှု၊ ဆဲလ်ပြန်လည်ပြုပြင်မှု၊ ကိုယ်တွင်းအင်္ဂါများ ကျန်းမာအောင်ထောက်ပံ့ပေးမှုနှင့် ကြွက်သားများ ကျန်းမာသန်စွမ်းအောင် လုပ်ဆောင်ပေးသည့် ပရိုတင်းကြွယ်ဝစွာ ပါဝင်နေသည်။ အရိုးနှင့် ကြွက်သားများသန်မာပြီး ကိုယ်တွင်းအင်္ဂါများ ကျန်းမာစေရန် စားသုံးပေးသင့်သည်။

**အစာခြေစနစ်ကိုကျန်းမာစေနိုင်ခြင်း**

ပဲပင်ပေါက်တွင် အခြားအစားအစာများ၌ ရှားပါးသော အင်ဇိုင်းများပါဝင်သည့်အတွက် အစာခြေစနစ်ကို ကျန်းမာစေနိုင်ပြီး အစာကြေစေနိုင်သကဲ့သို့ အူနံရံများကို အာဟာရဓာတ်များ အကောင်းဆုံးစုပ်ယူနိုင်အောင် ထောက်ပံ့ပေးနိုင်သည့်အပြင် အစာကြေလွယ်စေသည်။ ပဲပင်ပေါက်တွင် အမျှင်ဓာတ်ကြွယ်ဝသောကြောင့် ဝမ်းချုပ်ခြင်းမှ ကင်းဝေးအောင် အကောင်းဆုံးထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

**ကိုယ်အလေးချိန်ကျစေနိုင်ခြင်း**

ပဲပင်ပေါက်တွင် ကယ်လိုရီပါဝင်မှုနည်းပြီး ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်နေသည်။ အမျှင်ဓာတ်ပါဝင်မှုကြောင့် အဆာခံနိုင်စေပြီး ကိုယ်အလေးချိန်ချချင်သူများ စားသုံးပေးသင့်သည့် စားစရာတစ်ခုဖြစ်သည်။ ကိုယ်အလေးချိန်ကျချင်သူများ နေ့စဉ်စားသုံးပေးသင့်သည်။ ကယ်လိုရီနည်းပြီးအမျှင်ဓာတ်များပါဝင်မှုက အဆာခံနိုင်စေကာ အစာစားချင်စိတ်ကိုထိန်းညှိပေးသောကြောင့် ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် သင့်တော်သည်။

**သွေးအားနည်းခြင်းကိုသက်သာစေနိုင်ခြင်း**

ပဲပင်ပေါက်တွင်ပါဝင်သည့် သံဓာတ်နှင့် ကော့ပါးဓာတ်များက ခန္ဓာကိုယ်ထဲတွင် သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေပြီး ကိုယ်တွင်းသွေးလည်ပတ်မှုကို ကောင်းစေနိုင်သည်။ ခန္ဓာကိုယ်တွင် သံဓာတ်နည်းလာသည့်အခါတွင် သွေးအားနည်းရောဂါကို ခံစားရနိုင်သောကြောင့် သံဓာတ်ကြွယ်ဝသည့် အစားအစာများကို စားသုံးရန်လိုအပ်သည်။ ထို့ကြောင့် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းခြင်း၊ အစာခြေစနစ်ပြဿနာများခံစားရခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ အမောမခံနိုင်ခြင်းများ မဖြစ်ပွားစေရန်အတွက် ပဲပင်ပေါက်ကို စားသုံးပေးသင့်သည်။

**အမြင်အာရုံကောင်းစေနိုင်ခြင်း**

ပဲပင်ပေါက်တွင် ဗီတာမင် A ကြွယ်ဝသောကြောင့် မျက်စိအာရုံစူးစိုက်မှုကို မြှင့်တင်ပေးပြီး အသက်အရွယ်ကြောင့်ဖြစ်သည့် အမြင်အာရုံချို့ယွင်းမှုများကို ကာကွယ်ပေးပြီး အမြင်အာရုံပြဿနာများကို အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ မျက်စိအတွင်းတိမ်ဖြစ်ခြင်း (Cataracts) ကို ကာကွယ်ပေးနိုင်သောကြောင့် မျက်လုံးကိုအသုံးပြုပြီး အလုပ်လုပ်နေရသူများအနေဖြင့် မျက်လုံးများကျန်းမာစေရန် ပဲပင်ပေါက်ကို စားသုံးပေးသင့်သည်။

**ပဲပင်ပေါက်၏ သတိထားရမည့်အချက်များ**

ပဲပင်ပေါက်သည် စိုထိုင်းဆမြင့်မားသော ပေါက်ဖွားမှုပတ်ဝန်းကျင်တွင် အပင်ဖောက်ရခြင်းဖြစ်သဖြင့် Salmonella နှင့် E-coli ဘက်တီးရီးယားပိုးများပေါက်ဖွားနိုင်သောကြောင့် အစိမ်းစားသုံးပါက ဝမ်းပျက်ခြင်း၊ ဗိုက်အောင့်ခြင်းစသော ဆိုးကျိုးများဖြစ်စေနိုင်သဖြင့် သေချာဆေးကြောပြီး ချက်ပြုတ်စားသုံးသင့်သည်။ လတ်လတ်ဆတ်ဆတ်ကို ချက်ပြုတ်စားသုံးခြင်းကြောင့် ဘက်တီးရီးယားများနှင့် ဓာတုပစ္စည်းများ (ဥပမာ Sodium Hydrosulphide)ကို ဖယ်ရှားပြီးဖြစ်စေသည်။ ပဲပင်ပေါက်က လူတိုင်းနှင့်တည့်သည်ဆိုသော်လည်း အသက် ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ အထက်လူကြီးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကိုယ်ခံအားနည်းသူများအနေဖြင့် ပမာဏ အများအပြားမစားသုံးသင့်ပေ။ အနံ့မကောင်းခြင်း၊ အဝါရောင်နှင့် အမည်းရောင်ပြောင်းလာခြင်း၊ လက်နှင့်ထိလျှင် ချွဲကျိကျိဖြစ်နေခြင်းကဲ့သို့ဖြစ်နေလျှင် မစားသုံးသင့်သော အခြေအနေဖြစ်သည်။

**အနှစ်ချုပ်**

ပဲပင်ပေါက်က အာဟာရဓာတ်ကြွယ်ဝသကဲ့သို့ ခန္ဓာကိုယ်အတွက် လိုအပ်သည့်ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝစွာပါဝင်နေသောကြောင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အလွန်အထောက်အကူဖြစ်စေနိုင်သည်။ ပဲပင်ပေါက်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်သော်လည်း ဘေးကင်းစေရန် သန့်ရှင်းသော ပဲပင်ဖောက်နည်းနှင့် ချက်ပြုတ်နည်းများကို အသုံးပြုရန် အရေးကြီးသည်။ ခန္ဓာကိုယ်ကျန်းမာစေရန်အတွက် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ ပဲပင်ပေါက်ကို တစ်ပတ်လျှင် သုံးကြိမ်ခန့်စားသုံးပေးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

❖ ပဲပင်ပေါက်တွင် ကိုယ်ခန္ဓာတည်ဆောက်ရေးနှင့် ကြွက်သားများအတွက် အရေးကြီးသည့် ပရိုတင်း (Protein)၊ အစာခြေစနစ်ကောင်းစေပြီး ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးသည့် ဖိုင်ဘာ (Fiber)၊ ကိုယ်ခံအားတိုးစေပြီး အရေပြားကျန်းမာရေးကောင်းမွန်စေသော ဗီတာမင်C၊ သွေးကြောကျန်းမာရေးနှင့် သွေးခဲခြင်းကို ထိန်းညှိပေးသည့် ဗီတာမင် K၊ စွမ်းအင်ထုတ်လုပ်မှုနှင့် ဦးနှောက်လုပ်ဆောင်မှုအတွက် အရေးကြီးသည့် ဗီတာမင် B အုပ်စုများ (B1၊ B2၊ B6)၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် အထူးအရေးကြီးသည့် ဖောလိတ်၊ သွေးအားကောင်းစေသည့် သံဓာတ် (Fe)၊ နှလုံးနှင့်ကြွက်သားကျန်းမာရေးအတွက်လိုအပ်သည့် မဂ္ဂနီစီယမ် (Mg)နှင့် ပိုတက်စီယမ် (K) တို့ပါဝင်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ပွင့်ဖြူ မေ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၂၁၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ ပဲလွမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၆ ဒသမ ၅၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲလွမ်း ၂၁၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ ပဲလွမ်းစိုက်ခင်းတွေ လက်ရှိမှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲလွမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေဖို့၊ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲလွမ်းက ဈေးကွက်ရှိတာကြောင့် တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေ တိုးတက်လာပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ပဲလွမ်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများ တိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ မြေသြဇာနှင့်သွင်းအားစုများ မှန်မှန်ကန်ကန်သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီသီးနှံ ရိတ်သိမ်းနည်းပညာများ စသည့်တောင်သူ အသိပညာပေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲလွမ်းကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးကာ အရည်အသွေးနှင့် အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ညောင်တုန်းမြို့နယ်တွင် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

ညောင်တုန်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ယခုနှစ် မေလဒုတိယပတ်မှစတင်ပြီး ယနေ့တိုင် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ငရုတ်သီးစိမ်းများ လှိုင်လှိုင်ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၈၉၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ငရုတ်သီးစိမ်းတွေအရောင်း အဝယ်ကောင်းနေပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက စပါးအပြင် မြေပဲနဲ့ငရုတ်သီးကိုလဲ စိုက်ပျိုးကြပါတယ်။ လက်ရှိ တောင်သူတွေ စိုက်ထားတဲ့ ငရုတ်သီးတွေ စတင်ပေါ်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလို ငရုတ်သီးစိမ်းတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေလာတာတွေ့ရတယ်။ အခုနှစ် ငရုတ်သီးစိမ်းက မနှစ်ကထက် ငရုတ်စိုက်သူတွေနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့အရောင်းအဝယ်တွေကောင်းနေတာပါ'' ဟု ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးစိမ်းများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ လုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိန္မေရှင်ရဲ့ အပူလုံး

\- တဖွတ်ထိုးဆန် မိုက်ရူးစိတ်
ချိတ်ဆွဲလို့ ဇာတ်အိမ်တည်၊
လေပူကို ဆန့်ကျင်ပြီး
ခရီးနှင်သည်၊
ချွေးစက်တို့ တစီစီ
အလီလီ ကျဆင်း၊
နိမ့်ဘက်စံ ကံမှောင်မိုက်က
လောင်တိုက်သို့ သွင်း။

\- သူရိန်ရှင် ကွန်ရက်အတွင်း
လွတ်ခွင့်ကင်း အခြေအနေ၊
ကျောပေးကာ ခံစစ်သုံးလည်း
ကိုယ်နှုန်း စိတ်ကြေ၊
ဝဋ်ကြွေးက ကြီးပါပေ
မိန္မေရဲ့ လောကငရဲ၊
အဟောသိကံ ပစ္စက္ခ
ယူရပြီပဲ။

\- စိတ်ဒဏ်ရာ အက်ကွဲကြောင်းက
စက်တွဲခေါင်း ဒုက္ခလို၊
မိန္မေရှင် အပူလုံး
ကြိမ်နှုန်းက ပို၊
ပြန်ခြင်းမဲ့ ခရီးကို
မျက်နှာညိုနဲ့ ရှေ့ဆက်၊
အမှောင်အစွဲ ပိုင်
လောင်ကဲအစိုင် ဆင့်ထိတော့
ရှောင်လွှဲနိုင် ခွင့်မရှိလို့
(အပူထုံးမှာ..)
ငြိစွန်းရင်း ပျက်။ ။

ချမ်းမြေ့(ဇလွန်မြေ)

# ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

နေပြည်တော် မေ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးမြင့်သာယာကျေးရွာအုပ်စု စက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းကအဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

စက်ကုန်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နော်လူး

## နိုင်ငံတကာ သတင်းများ

# ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲအတွက် ရုရှားသမ္မတ ပူတင်ကို ဖိတ်ကြားရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် စီစဉ်ထား

ဝါရှင်တန် ဧပြီ ၂၄

ယခုနှစ် ဒီဇင်ဘာလအတွင်း မီယာမီမြို့၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရေးအတွက် ရုရှားသမ္မတ ပူတင်ကိုဖိတ်ကြားရန် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်ကစီစဉ်ထားကြောင်း ဧပြီ ၂၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




ယူကရိန်း စစ်ရေးပဋိပက္ခကို အကြောင်းပြု၍ နောက်အုပ်စုနိုင်ငံများနှင့် ရုရှားတို့ကြား သံတမန်ဆက်ဆံရေး တင်းမာနေချိန်တွင် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ရေးအတွက် ရုရှားသမ္မတ ပူတင်ကိုဖိတ်ကြားရန် အမေရိကန် သမ္မတဒေါ်နယ်ထရမ့် စီစဉ်ထားခြင်းဖြစ်သည်။

ဂျီ-၂၀ ထိပ်သီး ဆွေးနွေးပွဲတက်ရောက်ရေးအတွက် သမ္မတပူတင်ကို ဖိတ်ကြားရန်စီစဉ်ထားမှုသည် သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် ယူကရိန်းပြဿနာရှိနေသည့်တိုင် ရုရှားနိုင်ငံနှင့် ပြန်လည်ထိတွေ့ဆက်ဆံရန် လိုလားနေမှုကို ပြသလျက်ရှိသည်။

ယခုနှစ်ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ကြားချက်ကို လက်ခံရရှိထားပြီးဖြစ်ကြောင်း ရုရှားအစိုးရ တာဝန်ရှိသူများက ဧပြီ ၂၃ ရက်တွင် အတည်ပြုပြောကြားထားသည်။

သို့ရာတွင် ရုရှားသမ္မတပူတင် အနေဖြင့် ယင်းဖိတ်ကြားချက်ကို လက်ခံရေးအတွက် အပြီးသတ် ဆုံးဖြတ်ချက် မချရသေးကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ယခုနှစ် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကို မီယာမီမြို့၌ ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက် ထိကျင်းပရန် အမေရိကန်အစိုးရက စီစဉ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဖိလစ်ပိုင်သမ္မတ လာမည့်မေလအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်မည်




မနီလာ ဧပြီ ၂၄

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် လာမည့်မေလအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

သမ္မတဖာဒီနန်မားကို့စ် ဂျူနီယာသည် လာမည့်မေ ၂၆ ရက်မှ ၂၉ ရက်ထိ ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါခရီးစဉ်သည် ဖိလစ်ပိုင်သမ္မတတစ်ဦး၏ ၁၀ နှစ်ကျော်ကြာကာလအတွင်း ဂျပန်နိုင်ငံခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။

ဂျပန်နိုင်ငံ ခရီးစဉ်အတွင်း သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ဂျပန်ဝန်ကြီးချုပ် တာကာအိချီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်များအတွင်း စစ်ရေးအရဆက်ဆံမှုများ တိုးမြှင့်ခဲ့ကြပြီး ဂျပန်နိုင်ငံက ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်အတွက် ကမ်းခြေစောင့်သင်္ဘောများနှင့် ရေဒါစနစ်များ ကူညီဖြည့်ဆည်းပေးထားသည်။

ထို့ပြင် လက်ရှိပြုလုပ်နေသည့် အမေရိကန်နှင့် ဖိလစ်ပိုင် နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဂျပန်တပ်ဖွဲ့ဝင်ဦးရေ ၁၄၀၀ ခန့်လည်း ပူးပေါင်း ပါဝင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဟော်မုဇ်ရေလက်ကြား၌ ရေမြှုပ်မိုင်းများချနေသည့် အီရန်သင်္ဘောများကို ရှင်းလင်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ညွှန်ကြား

ဝါရှင်တန် ဧပြီ ၂၄

ဟော်မုဇ်ရေလက်ကြားအတွင်း ရေမြှုပ်မိုင်းများချနေသော အီရန်သင်္ဘောမှန်သမျှကို ပစ်ခတ်ဖျက်ဆီးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ရေတပ်ကို ညွှန်ကြားထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြားအတွင်း ရေမြှုပ်မိုင်းများချနေသည့် အီရန်သင်္ဘောမှန်သမျှကို တိုက်ခိုက်ရှင်းလင်းရန် အမေရိကန်ရေတပ်ကို မိမိညွှန်ကြားထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ယနေ့တွင် ရေးသားထားသည်။

ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းရန်ကြိုးပမ်းခဲ့သည့် ကုန်သေတ္တာတင် သင်္ဘောနှစ်စီးကို အီရန်တော်လှန်ရေး အစောင့်တပ်က ဖမ်းဆီးခဲ့ပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က ထိုသို့ညွှန်ကြားထားခြင်းဖြစ်သည်။

ဟော်မုဇ် ရေလက်ကြားသည် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း ပို့မှန်ဖြတ်သန်းနေသော မဟာဗျူဟာမြောက်ရေလမ်းကြောင်းဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခ စတင်ခဲ့ပြီး နောက်ပိုင်း အီရန်တော်လှန်ရေး အစောင့်တပ်သည် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ပိတ်ဆို့ခဲ့သည်။

အလားတူ အမေရိကန်နိုင်ငံကလည်း အီရန်ဆိပ်ကမ်းများကို ရေတပ်အင်အားဖြင့် ပိတ်ဆို့၍ အီရန်ရေနံတင် သင်္ဘောများကို ကြားဖြတ်ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေးဥပဒေကြမ်း နော်ဝေအစိုးရ တင်သွင်းမည်

အော့စလို ဧပြီ ၂၄

အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေး ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရန် နော်ဝေအစိုးရက စီစဉ်ထားကြောင်း ဧပြီ ၂၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကလေးများ၏ ဘဝကို ကာကွယ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေးဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုပြုတင်သွင်းမည်ဖြစ်ကြောင်း နော်ဝေဝန်ကြီးချုပ် ဂျိုနက်စ်ဂါးရ်စတိုရီက ဧပြီ ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေး ဥပဒေကြမ်းကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း နော်ဝေဝန်ကြီးချုပ်၏အဆိုအရ သိရသည်။

နော်ဝေနိုင်ငံကဲ့သို့ပင် ဒိန်းမတ်၊ အီတလီ၊ စပိန်၊ ပေါ်တူဂီ၊ ပြင်သစ် အပါအဝင် ဥရောပနိုင်ငံ ၁၄ နိုင်ငံတို့ကလည်း ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ရန် သုံးစွဲမှုကို ပြင်ဆင်လျက်ရှိသည်။

ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ဥပဒေပြု၍ ပိတ်ပင်ခဲ့သော ကမ္ဘာ့ပထမဆုံးနိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် ကမ္ဘာ့ပထမဆုံး ကလေးများလူမှုမီဒီယာ သုံးစွဲမှု ပိတ်ပင်ရေးဥပဒေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အင်ဒိုနီးရှားနိုင်ငံအတွက် ရေနံစိမ်းစည် သန်း ၁၅၀ ထိ ဖြည့်ဆည်းပေးရန် ရုရှားအစိုးရ သဘောတူထား

ဂျကာတာ ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံအတွက် ရေနံစိမ်းစည် သန်း ၁၅၀ ထိ ဖြည့်ဆည်းပေးရန် ရုရှားအစိုးရက သဘောတူထားကြောင်း အင်ဒိုနီးရှားအစိုးရ စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအထူးသံတမန် ဟာရှမ် ဂျိုဂျိုဒီကူဆူမိုက ဧပြီ ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း မော်စကိုမြို့သို့ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုရောက်ရှိခဲ့စဉ် အင်ဒိုနီးရှားအတွက် ရေနံစိမ်းစည် သန်း ၁၅၀ ထိ ဖြည့်ဆည်းပေးရန် ရုရှားအစိုးရက သဘောတူထားခြင်းဖြစ်သည်။

ရုရှားအစိုးရအနေဖြင့် အင်ဒိုနီးရှားနိုင်ငံအတွက် ရေနံစိမ်းစည် သန်း ၁၀၀ ကို အထူးဈေးနှုန်းဖြင့် ဖြည့်ဆည်းပေးရန် ကတိပြုထားပြီး လိုအပ်လာပါက ရေနံစိမ်းစည် သန်း၅၀ ကို ထပ်မံဖြည့်ဆည်းပေးရန် သဘောတူထားကြောင်း ဟာရှမ်ဂျိုဂျိုဒီကူဆူမိုက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံအများအပြားကဲ့သို့ပင် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခ၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ရေနံဈေးနှုန်းမြင့်တက်မှု ပြဿနာနှင့် ရင်ဆိုင်နေရသည်။

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံ၏ ရေနံလိုအပ်ချက် ၂၀ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်းကို အရှေ့အလယ်ပိုင်းနိုင်ငံများမှ ဝယ်ယူတင်သွင်းနေရခြင်းဖြစ်သည်။

အရှေ့တောင်အာရှ၏အကြီးမားဆုံးစီးပွားရေး နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၆ သန်းထိ သုံးစွဲနေရသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် Rocket Lab ကုမ္ပဏီက ဂျပန်ဂြိုဟ်တုရှစ်စင်းကို အောင်မြင်စွာ လွှတ်တင်ပေးခဲ့



**တိုကျို မေ ၂၄**

အမေရိကန်နိုင်ငံအခြေစိုက် Rocket Lab ကုမ္ပဏီသည် ဂျပန်ဂြိုဟ်တုရှစ်စင်းကို မေ ၂၃ ရက်တွင် အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဂျပန်ဂြိုဟ်တုရှစ်စင်းကိုသယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် သယ်ဆောင်ထားသော ဂျပန်ဂြိုဟ်တုရှစ်စင်းကို ကမ္ဘာမြေပြင်အထက် ၃၃၆ မိုင်အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မေ ၂၃ ရက်မစ်ရှင်သည် ဂျပန်အာကာသအေဂျင်စီနှင့် ရယူထားသော သဘောတူညီချက်အရ Rocket Lab ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ဒုတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ဂျပန်အာကာသ အေဂျင်စီအတွက် ပထမဆုံးမစ်ရှင်အဖြစ် RISE-4 အမည်ရှိ ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ပေးခဲ့ပြီးဖြစ်သည်။

မေ ၂၃ ရက် မစ်ရှင်သည် အီလက်ထရွန်ဒုံးပျံများ၏ ၇၉ ကြိမ်မြောက်အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ယူရေးနပ်စ်ဂြိုဟ်၏ ခါးပတ်ကွင်းများထဲတွင် လူသားတို့မတွေ့ရသေးသည့် ဂြိုဟ်ရံလငယ်များတည်ရှိနေနိုင်

**ဝါရှင်တန် မေ ၂၄**

ယူရေးနပ်စ်ဂြိုဟ်၏ ခါးပတ်ကွင်းများထဲတွင် လူသားတို့မတွေ့ရသေးသည့် ဂြိုဟ်ရံလငယ်များ တည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ယူရေးနပ်စ်ဂြိုဟ်၏ မြူ (Mu)နှင့် နူ(Nu) ခါးပတ်ကွင်းများကို ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်၊ ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်နှင့် ကတ်စ်အာကာသရေဒီယိုတယ်လီစကုပ်များ၏ အကူအညီဖြင့် လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ မြူနှင့်နူ ခါးပတ်ကွင်းများ၏ ဓာတုဖွဲ့စည်းပုံများမှာ တူညီမှုမရှိသကဲ့သို့ မြူခါးပတ်ကွင်း၏ အလင်းအားမှာလည်းအပြောင်းအလဲများ ရှိနေတတ်သည်ကို တွေ့ရကြောင်း အမေရိကန်သိပ္ပံ ပညာရှင်များက ပြောကြားသည်။



အထက်ပါ အချက်နှစ်ချက်သည် မြူနှင့်နူ ခါးပတ်ကွင်းများထဲတွင် ဂြိုဟ်ရံလငယ်တချို့ ပုန်းကွယ် တည်ရှိနေနိုင်ကြောင်း အမေရိကန်သိပ္ပံ ပညာရှင်များက ပြောကြားသည်။

၎င်းဂြိုဟ်ရံလများကို ရှာဖွေအတည်ပြုနိုင်ခဲ့ပါက ယူရေးနပ်စ်ဂြိုဟ်၏ ဂြိုဟ်ရံလအရေအတွက်မှာ ၂၉ စင်းနှင့်အထက်ရှိလာလိမ့်မည်ဖြစ်ကြောင်း၊ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မြူခါးပတ်ကွင်းကို ရေခဲမှုန်များဖြင့် ဖွဲ့စည်းထားပြီး နူခါးပတ်ကွင်းကိုမူ ကာဗွန်ဒြပ်ပေါင်းများဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကြယ်တစ်စင်းကိုဝါးမျိုနေသည့် အာကာသတွင်းနက်တစ်ခုကမှုတ်ထုတ်နေသော ဂျက်လေစီးကြောင်း၏ စွမ်းအင်ပမာဏကို သိပ္ပံပညာရှင်များက တိုင်းတာတွက်ချက်နိုင်ခဲ့

**လန်ဒန် မေ ၂၄**

ကြယ်တစ်စင်းကို ဝါးမျိုနေသော အာကာသတွင်းနက်တစ်ခုက မှုတ်ထုတ်နေသော ဂျက်လေစီးကြောင်း၏ စွမ်းအင်ပမာဏကို သိပ္ပံပညာရှင်များက တိုင်းတာတွက်ချက်နိုင်ခဲ့ကြောင်း မေ ၂၃ ရက် သတင်းများအရ သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၇၀၀၀ ခန့် အကွာတွင် တည်ရှိသော ဆိုက်ဂနက်စ် အိတ်စ်-1 အမည်ရှိ အာကာသတွင်းနက်ကို SKA ရေဒီယို တယ်လီစကုပ်ဖြင့် လေ့လာစူးစမ်း ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အာကာသတွင်းနက်က ၎င်းနှင့်မိုင်သန်း ၃၀ အကွာတွင် ရှိသော ကြယ်တစ်စင်းကို ဝါးမျိုနေပြီး ဂျက်လေစီးကြောင်းတစ်ခုကို မှုတ်ထုတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန်သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ဆိုက်ဂနက်စ် အိတ်စ်-1 အာကာသတွင်းနက်က မှုတ်ထုတ်နေသည့် ဂျက်လေစီးကြောင်း၏ စွမ်းအင်ပမာဏမှာ နေအစင်းပေါင်း ၁၀၀၀၀ က ထုတ်ပေးနိုင်သည့် စွမ်းအင်ပမာဏနှင့် ညီမျှကြောင်း သိရသည်။

ထို့ပြင် ဂျက်လေစီးကြောင်း၏ အမြန်နှုန်းမှာလည်း တစ်နာရီလျှင် မိုင်ပေါင်း ၃၃၆ သန်းထိရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ဆိုက်ဂနက်စ် အိတ်စ်-1 အာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် ၂၁ ဆခန့် ပိုကြီးမားပြီး ညကောင်းကင်၌ အလင်းအားအကောင်းဆုံး အိတ်စ်ရေးရောင်ခြည် အရင်းအမြစ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ဆေးနှစ်မျိုးပေါင်းစပ်အသုံးပြုခြင်းက MASLD အသည်းရောဂါကိုကုသရာတွင် ထောက်ကူနိုင်ဖွယ်ရှိ

**မက်ဒရစ် မေ ၂၄**

Pemafibrate နှင့် Telmisartan ဆေးနှစ်မျိုးပေါင်းစပ်အသုံးပြုခြင်းသည် MASLD အသည်းရောဂါကို ကုသရာတွင် ထောက်ကူပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

MASLD အသည်းရောဂါ(Metabolic dysfunction-Associated Steatotic Liver Disease) သည် အသည်းဆဲလ်များအတွင်း အဆီစုစည်းမှုလွန်ကဲချိန်တွင် ဖြစ်ပွားတတ်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအရ အဖြစ်အများဆုံး အသည်းရောဂါဖြစ်သည်။

သို့ရာတွင် စပိန်နိုင်ငံ ဘာစီလိုနာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ တိရစ္ဆာန်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Pemafibrate နှင့် Telmisartan ဆေးနှစ်မျိုးသည် ကြွက်များ၏ အသည်းဆဲလ်များအတွင်း အဆီစုစည်းမှုကို လျှော့ချနိုင်သည်ကိုတွေ့ရသဖြင့် MASLD အသည်းရောဂါကို ကုသရာတွင် အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အထူးသဖြင့် အထက်ပါဆေးနှစ်မျိုးကို ပေါင်းစပ်အသုံးပြုမှုသည် အသည်းကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပြီး နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO

## အစာခြေလမ်းကြောင်းစနစ် ပရိုတင်းအပြောင်းအလဲကို လေ့လာခြင်းဖြင့် ဇဟိုအာရုံနာ့ဗ်ဆဲလ်စနစ်ရောဂါများ ဖြစ်နိုင်ခြေမြင့်မားသူများကို ဖော်ထုတ်နိုင်

**အီဒင်ဘတ် မေ ၂၄**

အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ ပရိုတင်းအပြောင်းအလဲများကို လေ့လာခြင်းဖြင့် ဇဟိုအာရုံနာ့ဗ်ဆဲလ် စနစ်ရောဂါများ ဖြစ်နိုင်ခြေ မြင့်မားသူများကို ဖော်ထုတ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

စကော့တလန်နိုင်ငံ အဘာဒင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပါကင်ဆန်ရောဂါ၊ အယ်ဇိုင်းမားရောဂါနှင့် Motor Neurone ရောဂါများနှင့်ဆက်စပ်နေသော ပရိုတင်းများကို ရောဂါလက္ခဏာမပေါ်မီ အစာခြေ လမ်းကြောင်းစနစ်တစ်ရှူးများအတွင်း စစ်ဆေးတွေ့ရှိနိုင်ကြောင်း သိရသည်။

စကော့တလန် သုတေသနပညာရှင်များသည် အသက် ၆၀ နှစ်အထက် လူပေါင်း ၁၉၆ ဦးတို့၏ အစာခြေလမ်းကြောင်းစနစ်တစ်ရှူးနမူနာများကို ထုတ်ယူ၍အာရုံနာ့ဗ်ဆဲလ်စနစ်ရောဂါများနှင့် ဆက်စပ်နေသောပရိုတင်းသုံးမျိုး၏အပြောင်းအလဲများကို လေ့လာခဲ့ကြသည်။

မိမိတို့၏ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ပရိုတင်းများ၏ အပြောင်းအလဲများကို ရောဂါလက္ခဏာများမပေါ်ထွက်မီ ခုနစ်နှစ်အလိုမှာပင် အစာခြေလမ်းကြောင်းအတွင်း ထောက်လှမ်းတွေ့ရှိနိုင်ကြောင်း၊ ၎င်းပရိုတင်း အပြောင်းအလဲများကို လေ့လာခြင်းဖြင့် ဇဟိုအာရုံနာ့ဗ်ဆဲလ်စနစ်ရောဂါများ ဖြစ်နိုင်ခြေမြင့်မားသူများကို ၈၀ ရာခိုင်နှုန်းထိ တိကျစွာ ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO






# မန်စီးတီးအသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲအများဆုံးကစားသမားအဖြစ် ဘာနာဒိုဆေးဗားစံချိန်သစ်တင်



**မန်ချက်စတာ ဧပြီ ၂၄**

မန်စီးတီးအသင်းဝါရင့်တိုက်စစ်ကစားသမား ဘာနာဒိုဆေးဗားသည် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲအများဆုံး ကစားသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းက ဘန်လေအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဘာနာဒိုဆေးဗားသည် မန်စီးတီးအသင်းနှင့်အတူ ပါဝင်ကစားခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲ ၂၁၅ ပွဲထိရှိလာခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာနာဒိုဆေးဗားသည် မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၉၉ ပွဲပါဝင်ကစားခဲ့ကာ ၂၁၅ ပွဲအနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက်တွင် ကွင်းလယ်ကစားသမားဟောင်း ဒေးဗစ်ဆေးဗားလ်၏ စံချိန်ကို တစ်ပွဲအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဘာနာဒိုဆေးဗားသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ထားကာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ကို ဆာဘာလင်ကာ တက်ရောက်

**မက်ဒရစ် ဧပြီ ၂၄**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန်တင်းနစ်မယ် ပေတန်တို့ ယှဉ်ပြိုင်ခဲ့ရာ ဆာဘာလင်ကာက (၇-၅၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် Mutua Madrid Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား သုံးကြိမ်ရရှိထားသည့် တင်းနစ်မယ်တစ်ဦးဖြစ်သကဲ့သို့ ၂၀၂၆ ခုနှစ် Mutua Madrid Open တင်းနစ်ပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သူလည်းဖြစ်သည်။

ဆာဘာလင်ကာ အတွက် ပထမပွဲငယ်တွင် အခက်အခဲအချို့ရှိခဲ့ပြီး tie-break ထိ ကစားခဲ့ရပြီးမှအနိုင်ရခဲ့ဖြစ်သော်လည်း ဒုတိယပွဲငယ်တွင်မူ ပြတ်သားသည့် ရလဒ်ဖြင့်အနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဆာဘာလင်ကာက “ကျွန်မအတွက်တော့ တကယ့်ကို ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲလို့ သတ်မှတ်နိုင်ပါတယ်။ အထူးသဖြင့် ပထမပွဲငယ်ဟာ သိပ်ကိုခက်ခက်ခဲခဲကစားခဲ့ရပါတယ်။ ဒီပွဲစဉ်ဟာ ဒီနှစ်အတွင်း ကျွန်မအတွက် မြေစေးကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်ဖြစ်ပါတယ်။ မြေစေးကွင်းဟာ ကစားရခက်တဲ့ကွင်းအမျိုးအစားဖြစ်တာ ကစားသမားတိုင်း သိပါတယ်။ ဒဏ်ရာရလွယ်တဲ့အတွက်ကြောင့်လဲ သတိထားကစားရတဲ့ကွင်းအမျိုးအစားဖြစ်ပါတယ်။ ဒီနေ့ပွဲစဉ်မှာ ပြိုင်ဘက်ကစားသမားကလဲ စွမ်းဆောင်ရည်ကောင်းတွေ ပြသခဲ့ပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**

**Trs : AZL**



# ဘာစီလိုနာအသင်းက လမိုင်းယာမယ် ပေါင်ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဖြစ်သော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပါဝင်ကစားနိုင်မည်

**ဘာစီလိုနာ ဧပြီ ၂၄**

ဘာစီလိုနာအသင်းက အသင်းမှ လူငယ်တိုက်စစ်ကစားသမား လမိုင်းယာမယ်အနေဖြင့် ပေါင်ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဖြစ်သော်လည်း လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ဒဏ်ရာမှသက်သာပြီး စပိန်အသင်းအတွက် ပါဝင်ကစားပေးနိုင်မည်ဟု အတည်ပြုကြေညာခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လမိုင်းယာမယ်သည် ဘာစီလိုနာအသင်းက ဆယ်တာဗီဂိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ပထမပိုင်းပြီးဆုံးခါနီး၌ ပေါင်ဒဏ်ရာရရှိခဲ့ပြီးနောက် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

ထို့နောက်လမိုင်းယာမယ်သည် ပေါင်ဒဏ်ရာကြောင့် အသင်းဆေးအဖွဲ့က ယခုနှစ်ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဟု ပြောကြားခဲ့သော်လည်း လာမည့် မေလအတွင်း ပြန်လည်သက်သာနိုင်ဖွယ်ရှိနေသည့်အတွက် စပိန်အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိနိုင်မည်ဟု ဘာစီလိုနာအသင်းက အတည်ပြုခဲ့ခြင်း ဖြစ်သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(H)၌ ကိတ်ဗာဒီအသင်း၊ ဥရုဂွေးအသင်း၊ ဆော်ဒီအာရေဗျ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် အသင်းများမှ တစ်သင်းအပါအဝင် ရပ်တည်နေကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# ဥရောပဘောလုံးအဖွဲ့ချုပ်က ပရက်စတီနီကို လူမျိုးရေးခွဲခြားမှုအတွက် ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်

**လစ္စဘွန်း ဧပြီ ၂၄**

ချန်ပီယံလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘင်ဖီကာအသင်းတို့ ပွဲစဉ်တွင် ဘင်ဖီကာအသင်းမှ ပရက်စတီနီသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗီနီစီးယက်စ်ကို လူမျိုးရေးခွဲခြားသည့် စကားလုံးများ ပြောဆိုခဲ့သည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က ပရက်စတီနီကို ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ESPN သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပရက်စတီနီက ဗီနီစီးယက်စ် အနားသို့သွားရောက်ကာ လူမျိုးရေးခွဲခြားသည့်စကားများ ပြောဆိုခဲ့ပြီးနောက် ဗီနီစီးယက်စ်က ကွင်းလယ်ဒိုင်ထံ အကြောင်းကြားခဲ့ပြီးပွဲကို ဆက်လက်ကစားရန် ငြင်းဆန်ခဲ့သည့်အတွက် ပြိုင်ပွဲကို ခေတ္တရပ်နားခဲ့ရသည်။

အဆိုပါဖြစ်ရပ်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် ပရက်စတီယန်ကို ဥရောပအဆင့်ပြိုင်ပွဲများတွင် ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပရက်စတီနီကို ဥရောပဘောလုံးအဖွဲ့ချုပ်က ဥရောပအဆင့်ပြိုင်ပွဲများတွင် ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပြင် လာမည့်၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထုတ်ပယ်သည့် ပြစ်ဒဏ်ချမှတ်ပေးရန်အတွက်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံတောင်းဆိုထားကြောင်း သိရသည်။

**Ref : ESPN**

**Trs : STA**

# မန်စီးတီးအသင်းက နည်းပြဂွာဒီယိုလာထွက်ခွာခဲ့ပါက နည်းပြမာရက်စ်ကာနှင့် အစားထိုးရန် စီစဉ်

**မန်ချက်စတာ ဧပြီ ၂၄**

မန်စီးတီးအသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြဂွာဒီယိုလာက ယခုနှစ် ဘောလုံးရာသီ ကုန်တွင် အသင်းမှ ထွက်ခွာရန် သတင်းထွက်ပေါ်လာသောကြောင့် အသင်းတာဝန်ရှိသူများက ၎င်းနေရာတွင် ချဲလ်ဆီးအသင်း နည်းပြဟောင်း မာရက်စ်ကာနှင့် အစားထိုးရန် စီစဉ်ထားကြောင်း Daily Mail သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

နည်းပြ ဂွာဒီယိုလာသည် မန်စီးတီးအသင်းကို ပရီးမီးယားလိဂ်ချန်ပီယံဆု ခြောက်ကြိမ်၊ ချန်ပီယံလိဂ် တစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလား တစ်ကြိမ်၊ ဥရောပစူပါဖလား တစ်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ ကွာရာဘောင်းဖလား ငါးကြိမ်ရယူ၍ အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ၎င်းကို အီတလီအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ရန် ကြိုးပမ်းနေသည့်အတွက် ယခုနှစ် ဘောလုံးရာသီအကုန်တွင်အသင်းမှထွက်ခွာရန် သတင်းများထွက် ပေါ်နေခြင်းဖြစ်သည်။

ထို့ကြောင့် မန်စီးတီးအသင်းတာဝန်ရှိသူများက နည်းပြဂွာဒီယိုလာ ထွက်ခွာသွားပါက နည်းပြမာရက်စ်ကာကို ဦးစားပေးခန့်အပ်နိုင်ရန်ဆုံးဖြတ်ထားသည်။

နည်းပြ မာရက်စ်ကာသည် ချဲလ်ဆီးအသင်းကို စတင်တာဝန်ယူချိန်တွင် လူငယ်ကစားသမားများဖြင့် အသင်းကို တိုးတက်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် မန်စီးတီးအသင်း တာဝန်ရှိသူများက အတွေ့အကြုံကောင်းများရှိသည့် နည်းပြ မာရက်စ်ကာကို နည်းပြ ဂွာဒီယိုလာ၏နေရာတွင် အစားထိုးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။



**Ref : Daily Mail**

**Trs : ML**

# ပရီးမီးယားလိဂ်တစ်နှစ်တာအကောင်းဆုံးဆုအတွက် ရေပန်းစားနေသည့် ကစားသမား ငါးဦးစာရင်း ထွက်ပေါ်လာ




**လန်ဒန် ဧပြီ ၂၄**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီပြီးဆုံးရန် ငါးပွဲအလိုတွင် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုအတွက် ရေပန်းစားနေသည့် ကစားသမားငါးဦးစာရင်း ထွက်ပေါ်လာခဲ့ပြီး မန်စီးတီးအသင်းမှ ကစားသမားနှစ်ဦး၊ အာဆင်နယ်အသင်းမှ ကစားသမားနှစ်ဦး၊ မန်ယူအသင်းမှ ကစားသမားတစ်ဦးတို့ ပါဝင်ခဲ့ကြောင်း Sports Illustrated သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကစားသမားစာရင်းတွင် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံး စံချိန်ဖြစ်သည့် ၁၈ ကြိမ်ဖြင့် တစ်နှစ်တာအကောင်းဆုံး ဆုရရှိရန် ရေပန်းစားနေပြီး ၎င်းနောက်တွင် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်က ယခုနှစ် ဘောလုံးရာသီအတွင်း အာဆင်နယ်အသင်းကို ရလဒ်ကောင်းများရရှိအောင် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သောကြောင့် တစ်နှစ်တာအကောင်းဆုံးဆုရရှိရန် ရေပန်းစားနေခြင်းဖြစ်သည်။

အလားတူ တိုက်စစ်မှူး ဟာလန်းက မန်စီးတီးအသင်းကို ၎င်း၏ သွင်းဂိုးများဖြင့် ပရီးမီးယားလိဂ် အမှတ်ပေးဇယားထိပ်သို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သကဲ့သို့ အသင်းဖော် တိုက်စစ်မှူး ဆီမီညိုကလည်း အသင်းအတွက် တိုက်စစ်ပိုင်းတွင် အကောင်းဆုံးစွမ်းဆောင်၍ ယခုနှစ်ဘောလုံးရာသီ၌ ပရီးမီးယားလိဂ် သွင်းဂိုး ၁၅ ဂိုး သွင်းယူ၍ ခြေစွမ်းပြသထားပြီး ၎င်းနောက်တွင် အာဆင်နယ်အသင်း ခံစစ်ကစားသမား ဂါဘရီရယ်က အာဆင်နယ်အသင်းခံစစ်ပိုင်းကို အကောင်းဆုံးကာကွယ်၍ အသင်းကို ပေးဂိုးအနည်းဆုံးဖြစ်အောင်စွမ်းဆောင်ခဲ့ကာ ပရီးမီးယားလိဂ်တစ်နှစ်တာ အကောင်းဆုံးဆုအတွက် ရေပန်းစားနေသည့် စာရင်းတွင် ပါဝင်လာခဲ့ကြကြောင်း သိရသည်။

**Ref : Sports Illustrated**

**Trs : ML**

# ဘီလ်ဘာအိုအသင်းက ယခုနှစ်ဘောလုံးရာသီကုန်တွင် နည်းပြသစ်အဖြစ် ဒေါ့မွန်အသင်းနည်းပြဟောင်း တာဇစ်ကို ခန့်အပ်ရန် သဘောတူညီမှုရရှိ

**မက်ဒရစ် ဧပြီ ၂၄**

ဘီလ်ဘာအိုအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် ဒေါ့မွန်အသင်းနည်းပြဟောင်း တာဇစ်ကို ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ဘီလ်ဘာအိုအသင်း နည်းပြ ဗယ်လ်ဗာဒီသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းကိုယ်တိုင်က သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုလိုခြင်းမရှိသည့်အတွက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းအနေဖြင့် နည်းပြအပြောင်းအလဲလုပ်ဆောင်ရမည်ဖြစ်သည်။

အသက် ၄၃ နှစ်ရှိ နည်းပြ တာဇစ်သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ၂၀၂၀ ပြည့်နှစ်က ဒေါ့မွန်အသင်းနှင့်အတူ စတင်ခဲ့သူဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် အသင်းနှင့် လမ်းခွဲခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် အသင်းကို ဒုတိယအကြိမ် ပြန်လည်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ ဖြစ်နေသူဖြစ်သည်။

ဘီလ်ဘာအို အသင်းသည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက နည်းပြတာဇစ်ကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး လာမည့်ဇွန်လမှ စတင်ကာအသင်းကို တာဝန်ယူကိုင်တွယ်သွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : 365 Scores**

**Trs : STA**

# The Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီး နယ်လီကော့ဒါက အမှတ်ပေးဇယားကို ဦးဆောင်

**ဟောက်စတန် ဧပြီ ၂၄**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟောက်စတန်မြို့တွင် ကျင်းပနေသည့် The Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ကမ္ဘာ့အဆင့်(၂) အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဆိုဖီယာလီ၊ ထိုင်းဂေါက်သီးရိုက်မယ် တာဗာတာနာကစ်တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်နေပြီး တရုတ်ဂေါက်သီးရိုက်မယ် လွေယန်၊ ဂျပန်ဂေါက်သီးရိုက်မယ် ယိုရှီဒါ၊ ပြင်သစ်ဂေါက်သီးရိုက်မယ် ရောက်ဆင်၊ အမေရိကန်ဂေါက်သီးရိုက်မယ် အိုကီဖီတို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေကြသည်။

နယ်လီကော့ဒါသည် ၂၀၂၆ ခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ပုံစံကောင်းများ ပျောက်ဆုံးနေခဲ့သော်လည်းThe Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့တွင် စွမ်းဆောင်ရည်ကောင်းများ ပြသနိုင်ခဲ့သည်။

နယ်လီကော့ဒါက "လေတိုက်နှုန်းတွေက မြင့်မားခဲ့ပါတယ်။ လေတိုက်နှုန်းကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမဲ့လဲ ကျွန်မအနေနဲ့ လေကွယ်နိုင်တဲ့ နေရာတွေကိုရောက်အောင် ရိုက်ပြီးတော့ အခက်အခဲတွေကို ကျော်ဖြတ်ဖို့ ကြိုးစားခဲ့ပါတယ်။ ကျွန်မရဲ့ Game Plan က အလုပ်ဖြစ်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**



## အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်

**ချဲလ်ဆီး Vs လိဒ်**

ကစားမည့်ရက်/အချိန် ၂၆ - ၄- ၂၀၂၆ (ည ၀၈:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ချဲလ်ဆီး ၂ - ၂ လိဒ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| လိဒ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |

ချဲလ်ဆီးအသင်းအတွက် ဒီဖလားတစ်လုံးတည်းမျှော်လင့်ချက်ရှိနေလို့ အမှားခံမှာမဟုတ်ပါဘူး။ ချဲလ်ဆီးအသင်းဟာ ရလဒ်တွေဆိုးရွားနေတယ်ဆိုပေမယ့် ကစားသမားစုဖွဲ့မှုပိုင်းမှာတော့ လိဒ်အသင်းထက် အသာစီးမှာရှိနေပါတယ်။ လိဒ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ ချဲလ်ဆီးအသင်းကို ပွဲချိန်ပြည့်ရင်ဆိုင်ဖို့ခက်ခဲမှာပါ။ ဒါ့ကြောင့် ကစားသမားစုဖွဲ့မှုအပိုင်းအသာစီးမှာရှိနေတဲ့ချဲလ်ဆီးအသင်းကရလဒ်ကောင်းသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်- ချဲလ်ဆီး ၂ - ၁ လိဒ်

## ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၃၁) ပွဲကြိုသုံးသပ်ချက်

**ဒေါ့မွန် Vs ဖရိုင်းဘတ်**

ကစားမည့်ရက်/အချိန် ၂၆ - ၄- ၂၀၂၆ (ည ၁၀:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရိုင်းဘတ် ၁ - ၁ ဒေါ့မွန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဖရိုင်းဘတ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

နှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ ဒေါ့မွန်အသင်းအတွက် အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဖရိုင်းဘတ်အသင်းကတော့ အိမ်ကွင်းဆိုရင်သာ အသင်းလိုက်ကစားပုံကောင်းမွန်ပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါ့ကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမယ့် ဒေါ့မွန်အသင်းက အိမ်ကွင်းမှာ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်- ဒေါ့မွန် ၃ - ၂ ဖရိုင်းဘတ်

## အီတလီစီးရီးအေပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်များ

**ဂျီနိုအာ Vs ကိုမို**

ကစားမည့်ရက်/အချိန် ၂၆ - ၄- ၂၀၂၆ (ည ၀၇:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ကိုမို ၁ - ၁ ဂျီနိုအာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| ကိုမို | - | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |

ဂျီနိုအာအသင်းဟာ နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲနိုင်ထားပေမဲ့ အိမ်ကွင်းခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိသေးဘဲ အသင်းကြီးတွေနဲ့ဆိုရင် ပေးဂိုးများနေတာဖြစ်ပါတယ်။ အသင်းလိုက်ကစားအားကောင်းတဲ့ ကိုမိုအသင်းကတော့ ပွဲကျပ်ကစားထားရလို့ သုံးပွဲဆက်ရှုံးထားတာကြောင့် အခုပွဲမှာ နိုင်ပွဲပြန်ရှာဖို့ ကြိုးစားရမှာဖြစ်သလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရထားလို့ ကိုမိုအသင်းကနိုင်ပွဲရသွားမှာပါ။

ခန့်မှန်းရလဒ်- ဂျီနိုအာ ၁ - ၂ ကိုမို

**တိုရီနို Vs အင်တာမီလန်**

ကစားမည့်ရက်/အချိန် ၂၆- ၄- ၂၀၂၆ (ည ၁၀:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အင်တာမီလန် ၂ - ၁ တိုရီနို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| တိုရီနို | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| အင်တာမီလန် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

တိုရီနိုအသင်းဟာ အိမ်ကွင်းသုံးပွဲဆက်နိုင်ပွဲရထားပြီး ခြေစွမ်းပိုင်းထက်မြက်နေပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းမှာ အင်တာမီလန်အသင်းကို ယှဉ်မရသေးတာဖြစ်ပါတယ်။ နောက်ဆုံးသုံးပွဲမှာ ၁၀ ဂိုးထိသွင်းယူပြီး နိုင်ပွဲဆက်နေတဲ့ အင်တာမီလန်အသင်းကတော့ ဆုဖလားရဖို့ ရမှတ်လိုအပ်နေတာကြောင့် အခုပွဲမှာ တိုရီနိုအသင်းကို ပွဲချိန်ပြည့်ဖိအားပေးမှာဖြစ်လို့ အင်တာမီလန်အသင်းကရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ်- တိုရီနို ၁ - ၃ အင်တာမီလန်

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက ပစ်ကပ်ကားတင် ဒရုန်းတိုက်ဖျက်ရေး လေဆာလက်နက်သစ်ကို ထုတ်ဖော်ပြသ




တရုတ်နိုင်ငံသည် စစ်အခြေစိုက်စခန်းများ၊ အခြေခံအဆောက်အအုံများနှင့် ရှေ့တန်းစစ်မျက်နှာရှိ တပ်ဖွဲ့ဝင်များကို ခြိမ်းခြောက်နေသည့် အသေးစားဒရုန်းငယ်များကို ပေ ၄၅၀၀ အကွာအဝေးမှ ဖျက်ဆီးနိုင်သော ကုန်ကျစရိတ်သက်သာသည့် လှုပ်ရှားစစ်ဆင်နိုင်သော လေဆာလက်နက်သစ်ကို မကြာသေးမီက ထုတ်ဖော်ပြသခဲ့သည်ဟု Interesting Enginnering သတင်းဌာနက ဧပြီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

NI-L3K ဟု အမည်ပေးထားသော ဤလေဆာစနစ်ကို ဟူနန်အခြေစိုက် Novasky Technology ကုမ္ပဏီက တီထွင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် လျှပ်စစ်သံလိုက် ရှာဖွေထောက်လှမ်းမှု၊ ရေဒါနည်းပညာနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ လုံခြုံရေးနှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ AI နည်းပညာ စောင့်ကြည့်ရေးစနစ်များတွင် အထူးပြု ဆောင်ရွက်နေသည့်ကုမ္ပဏီတစ်ခုဖြစ်သည်။

၎င်းကို လေဆာလက်နက်စနစ်ကို ပေ့ါပါးသော ပစ်ကပ်ကားပေါ်တွင် တပ်ဆင်ထားသဖြင့် နီးကပ်သောအကွာအဝေးအတွင်း အသေးစားဒရုန်းများကို အလွယ်တကူ တန်ပြန်တိုက်ခိုက်နိုင်သည်။ ဤလေဆာစနစ်သည် သုံးကီလိုဝပ် စွမ်းအားဖြင့်လည်ပတ်ပြီး စီးပွားဖြစ် အရပ်ဘက်သုံး ဒရုန်းငယ်များ (Quad-copters)နှင့် FPV ဒရုန်းများကို ချေမှုန်းရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းတွင် အလွန်တိကျသော အီလက်ထရို-အော့ပတစ်စနစ်ပါဝင်ကာ ပစ်မှတ်များကို သုည ဒသမ ၉ မိုင်အကွာအဝေးထိ တိကျစွာ ခြေရာခံနိုင်သည်။ မကြာသေးမီက မလေးရှားနိုင်ငံတွင်ကျင်းပခဲ့သော DSA (Defense Services Asia)2026 ပြပွဲတွင်လည်း ဤ NI-L3K ကိုပြသခဲ့ပြီး ကုမ္ပဏီအနေဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရန် ရည်မှန်းချက်ရှိကြောင်း အလေးပေးပြောကြားခဲ့သည်။

Novasky Technology ၏ ထုတ်ပြန်ချက်အရ NI-L3K စနစ်သည် ဒရုန်း၏ မော်တာ သို့မဟုတ် ဘက်ထရီကဲ့သို့သော အရေးကြီးသည့် အစိတ်အပိုင်းများပေါ်သို့ လေဆာစွမ်းအင်ကို စုစည်းပစ်ခတ်ခြင်းဖြင့် ၁၀ စက္ကန့်ဝန်းကျင်အတွင်း ဒရုန်းကို အစွမ်းမဲ့သွားအောင် ပြုလုပ်နိုင်သည်။ ဤစနစ်သည် သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် မတူဘဲ ကျည်ဆန် သို့မဟုတ် ဒုံးကျည်များ အသုံးပြုရန်မလိုအပ်ပေ။ လေဆာပစ်ခတ်မှု တစ်ခုစီအတွက် လျှပ်စစ်စွမ်းအင်ကိုသာ အသုံးပြုပြီး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာခန့်သာရှိသည်။ ၎င်းသည် ဒေါ်လာသောင်းချီကုန်ကျနိုင်သော ဒုံးကျည်သုံး တန်ပြန်ဒရုန်းတိုက်ဖျက်ရေး စနစ်များနှင့် နှိုင်းယှဉ်ပါက အလွန်ပင် သက်သာသည်။

ဤစနစ်သည် အလျားလိုက်ပစ်ခတ်မှုနယ်ပယ်တစ်ခုလုံးနီးပါးကို လွှမ်းခြုံထားနိုင်သဖြင့် အနိမ့်ပျံသန်းလာသော ဒရုန်းများကို ဘက်ပေါင်းစုံမှ ခုခံတိုက်ခိုက်နိုင်သည်။ ၎င်း၏ လုပ်ဆောင်နိုင်သော ထောင့်ချိုးများမှာ- ညွှန်းရပ် -၁၇၅ ဒီဂရီမှ ၁၇၅ ဒီဂရီထိ (စက်ဝိုင်းနီးပါး လှည့်လည်နိုင်သည်)နှင့် မြင်ထောင့် -၁၅ ဒီဂရီမှ ၅၀ ဒီဂရီထိ ဖြစ်သည်။

စွမ်းဆောင်ရည် မြင့်မားသော်လည်း NI-L3K တွင် ကန့်သတ်ချက်အချို့ ရှိနေသည်။ ယာဉ်ပေါ်ပါ ဘက်ထရီပမာဏအပေါ်မူတည်၍ မိနစ် ၃၀ ခန့်သာ ဆက်တိုက်လည်ပတ်နိုင်သည်။ အပူချိန် ၂၀ ဒီဂရီဆဲလ်စီးယပ်စ်မှ ၅၀ ဒီဂရီဆဲလ်စီးယပ်စ်အတွင်းသာ ပုံမှန်အလုပ်လုပ်နိုင်ပြီး ထိုထက်လွန်ကဲသော ရာသီဥတုများတွင် စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုရှိနိုင်သည်။

ဒရုန်းတိုက်ခိုက်မှုများ ပိုမိုများပြားလာသည်နှင့်အမျှ NI-L3K ကဲ့သို့သော စနစ်များကို ပိုမိုကျယ်ပြန့်စွာ တပ်ဖြန့်အသုံးပြုလာဖွယ်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဖိုင်ဘာလေဆာ ထုတ်လုပ်မှု၏ ၃၅ ရာခိုင်နှုန်းကျော်ကို ပိုင်ဆိုင်ထားသဖြင့် ဤကဲ့သို့သော လေဆာလက်နက်များကို အမြောက်အမြားထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သည့် အင်အားအရှိဆုံးနိုင်ငံဖြစ်သည်။

China unveils truck-mounted drone-killerlaser that hits targets at 4500 feet ကို ဘာသာပြန်ဆိုထားပါသည်။

## ယူကရိန်း ဒရုန်းထုတ်လုပ်ရေးအဖွဲ့က ကီလိုမီတာ ၂၀၀၀ အကွာမှ ဒရုန်းများကိုထိန်းချုပ်နိုင်သောစနစ်ကို စမ်းသပ်အောင်မြင်ခဲ့

ယူကရိန်း ဒရုန်းထုတ်လုပ်ရေးအဖွဲ့ဖြစ်သော Wild Hornets သည် ကီလိုမီတာ ၂၀၀၀ အကွာမှ ဒရုန်းများကိုထိန်းချုပ်နိုင်သည့် Hornet Vision Ctrl အမည်ရစနစ်ကို စမ်းသပ်အောင်မြင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Defence Blog သတင်းဌာနက ဧပြီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစနစ်သည် အော်ပရေတာများ အနေဖြင့် ရှေ့တန်းစစ်မျက်နှာနှင့် ကီလိုမီတာ ၂၀၀၀ အကွာအဝေးမှနေ၍ STING ကြားဖြတ်ဟန့်တားရေး ဒရုန်းများကို မောင်းနှင်နိုင်စေမည်ဖြစ်သည်။

ဤနည်းပညာ၏ အဓိကထူးခြားချက်မှာ ဒရုန်းမောင်းနှင်သူသည် ပစ်မှတ်နှင့် မည်မျှနီးကပ်သောနေရာတွင် ရှိနေရမည်ဆိုသည့် ကန့်သတ်ချက်ကို လုံးဝဖယ်ရှားလိုက်ခြင်းပင်ဖြစ်သည်။ ဒရုန်းမောင်းနှင်သူသည် အင်တာနက်ချိတ်ဆက်မှုကောင်းမွန်သည့် မည်သည့်နေရာမှမဆို သာမန်တိုက်ခန်း သို့မဟုတ် ဟိုတယ်ခန်းများမှအစ STING ဒရုန်းကို အသုံးပြုကာ ရန်သူကိုတိုက်ခိုက်နိုင်မည်ဖြစ်သည်။

ဤဒီဇိုင်းအယူအဆသည် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် တပ်ဖြန့်မှုကို အခြေခံကစ၍ပြောင်းလဲစေမည်ဖြစ်သည်။ ဒရုန်းမောင်းနှင်သူများသည် မိမိတို့တိုက်ခိုက်နေရသည့် အန္တရာယ်ရှိသောစစ်မြေပြင်နှင့် အလွန်ဝေးကွာသော ဘေးကင်းရာနေရာများတွင် ရှိနေနိုင်ခြင်းကြောင့် စစ်သည်များ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ရုံသာမက စစ်ဆင်ရေးကိုလည်း ပိုမိုပြောင်းလွယ်၊ ပြင်လွယ် ဖြစ်စေသည်။

STING ဒရုန်းသည် ရန်သူ့ဒရုန်းများကို ရှာဖွေခြင်း၊ ခြေရာခံခြင်းနှင့် ဖျက်ဆီးခြင်းတို့အတွက် အထူးပုံစံထုတ်ထားသည့် ကြားဖြတ်ဟန့်တားရေး စနစ်ဖြစ်သည်။ ယူကရိန်းပိုင်နက်အတွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်လာသော ရန်သူ့ဒရုန်းများကို ဈေးကြီးသော မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များသို့မဟုတ် တာတိုပစ်လေကာသေနတ်စနစ်များဖြင့် ပစ်ချမည့်အစား၊ ကုန်ကျစရိတ်သက်သာပြီး အမြောက်အမြားထုတ်လုပ်နိုင်သော STING ကဲ့သို့ဒရုန်းများကို အသုံးပြုခြင်းက ပိုမိုထိရောက်သော နည်းလမ်းဖြစ်လာသည်။

Hornet Vision Ctrl နည်းပညာကြောင့် ဒရုန်းမောင်းနှင်သူများသည် ပစ်ခတ်မှုစနစ်များ သို့မဟုတ် စစ်ဆင်ရေးနယ်မြေအနီးတွင် ရှိနေရန်မလိုတော့ပေ။ အစဉ်အလာအရ လေကြောင်းရန်ကာကွယ်ရေးလုပ်ငန်းများတွင် စစ်သည်များသည် ရန်သူ့တိုက်ခိုက်မှုဒဏ်ကို မိမိတို့ကိုယ်တိုင်လည်း ခံရနိုင်သည့်နေရာများတွင် ရှိနေရလေ့ရှိသည်။ သို့သော် ယခုကဲ့သို့ ကီလိုမီတာ ၂၀၀၀ အကွာမှထိန်းချုပ်နိုင်ခြင်းက ထိုအန္တရာယ်ကို လုံးဝဖယ်ရှားပေးလိုက်ပြီး၊ လုံခြုံစိတ်ချရသော ဝေးကွာသည့်နေရာမှနေ၍ ကျယ်ပြန့်သော ပထဝီဝင်နယ်မြေအသီးသီးရှိ ဒရုန်းယူနစ်များကို တစ်နေရာတည်းမှ ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်သည်။



Wild Hornets ၏ Hornet Vision Ctrl စနစ်သည် ယူကရိန်း၏ ကာကွယ်ရေးဖွဲ့စည်းပုံတွင် အမြဲရှိနေတတ်သည့် အားနည်းချက်တစ်ခုဖြစ်သော ဒရုန်းမောင်းနှင်သူများ၏ အသက်အန္တရာယ်ကို ထိရောက်စွာဖြေရှင်းပေးလိုက်ခြင်း ဖြစ်သည်။ ရှေ့တန်းအနီးရှိ ခိုင်ခံ့အောင်ပြုလုပ်ထားသော ကွပ်ကဲမှုဌာနများတွင်သာမကဘဲ မည်သည့်နေရာမှမဆို ဒရုန်းများကို ထိန်းချုပ်နိုင်ခြင်းကြောင့် ယူကရိန်းသည် ၎င်းတို့၏ ဒရုန်းမောင်းနှင်သူများကို ဘေးကင်းစွာ ကာကွယ်ပေးထားနိုင်ပြီး လေကြောင်းရန်ကာကွယ်ရေး လုပ်ငန်းများကိုလည်း အဟန့်အတားမရှိ ဆက်တိုက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**Ukraine firm tests 2000 km drone intercept control system** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

## ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မွန်ရိုးရာထုံးတမ်းအစဉ်အလာများနှင့်အညီကျင်းပ၍ ဆုများချီးမြှင့်သွားမည်


ယခင်နှစ်က ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ ကဆုန်ညောင်ရေသွန်းပွဲကို တွေ့ရစဉ်။

**ချောင်းဆုံ ဧပြီ ၂၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မွန်ရိုးရာထုံးတမ်းအစဉ်အလာများနှင့်အညီ အသင်းများဖြင့်ကျင်းပပြီး ပြိုင်ပွဲများကိုလည်းထည့်သွင်းကာ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးနိုင်အေးဦးထံမှ သိရသည်။

ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာရှိ ရပ်ကွက်အားလုံးမှ ပြိုင်ပွဲဝင်အသင်းများ ပါဝင်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့ (မေ ၂၀ ရက်) တွင် ကျင်းပသွားမည်ဖြစ်ပြီး အဖွဲ့လိုက် ဝတ်စားဆင်ယင်မှု၊ စုပေါင်းဆောင်ရွက်မှုအပေါ်တွင် အမှတ်ပေးကာ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရပ်ကွက်လိုက် ပြိုင်ပွဲဝင်မဲ့ အသင်းတွေကို ဝတ်စုံစရိတ်တွေ ပံ့ပိုးထားပြီးဖြစ်ပါတယ်။ ပြိုင်ပွဲလဲ ထည့်သွင်းမှာဖြစ်ပါတယ်။ အသင်းလိုက် ညောင်ရေသွန်းလောင်းရာမှာ ဝတ်စားဆင်ယင်မှု၊ စုပေါင်းဆောင်ရွက်မှု အလှသဘာဝတွေကို အကဲဖြတ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုတွေ ချီးမြှင့်မှာဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆု မရတဲ့ ကျန်အသင်းတွေကို နှစ်သိမ့်ဆု ချီးမြှင့်ပေးမှာ ဖြစ်ပါတယ်"ဟု အတွင်းရေးမှူး ဦးနိုင်အေးဦးက ပြောပြသည်။

ရွာလွတ်ကျေးရွာတွင် ရပ်ကွက်ရှစ်ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး နှစ်စဉ်ကျင်းပသည့် ရွာလွတ် ညောင်ရေသွန်းပွဲသို့ ချောင်းဆုံမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များ၊ အခြားကျေးရွာများမှ ပြည်သူများက လာရောက်အားပေးလေ့ရှိကြောင်း သိရသည်။ ASH

## ယူနီဗာဆယ်က Miami Vice ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည် ကြေညာထား

**နယူးယောက် ဧပြီ ၂၄**

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီသည် Miami Vice ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို ဧပြီ ၂၃ ရက်တွင် ကြေညာထားကြောင်း သိရသည်။

Miami Vice ၏ တရားဝင်ဇာတ်ကားနာမည်မှာ Miami Vice'85 ဖြစ်ကြောင်း ယူနီဗာဆယ်ကုမ္ပဏီ၏ အဆိုအရ သိရသည်။

Miami Vice'85 ဇာတ်ကားတွင် မင်းသား မိုက်ကယ်ဘီဂျော်ဒန်နှင့် အော်စတင်ဘတ္တလာတို့ ပါဝင်မည်ဖြစ်ကြောင်း ယူနီဗာဆယ်ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

Miami Vice'85 ဇာတ်ကားကို ဒါရိုက်တာ ဂျိုဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဂျီရှိုင်းက တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

Miami Vice'85 ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဩဂုတ် ၆ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## မေတ္တာလေညင်းသင်းစေသား ရုပ်သံဇာတ်လမ်းတွဲကို မေလပထမပတ်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဧပြီ ၂၄**

Fg Series Production နှင့် Hey Play Application တို့ပူးပေါင်းရိုက်ကူးသည့် မေတ္တာလေညင်း သင်းစေသား ရုပ်သံဇာတ်လမ်းတွဲကို မေလ ပထမပတ်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ချောရတနာက ပြောပြ၍ သိရသည်။

အဆိုပါ မေတ္တာလေညင်း သင်းစေသား ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာ မဟူရာ (လှိုင်ကော်)၏ ဝတ္ထုဇာတ်လမ်းကို ကျော်ကျော်ထွန်းနှင့် သန္တာဝေတို့က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကိုကိုဝင်းက Fg Series Production နှင့် Hey Play Application အတွက် တာဝန်ယူပုံဖော်ရိုက်ကူးသည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"မမနဲ့မောင်လေး အချစ်




ဒရာမာဇာတ်လမ်းလေးပါ။ အခုနောက်ပိုင်း လူငယ်တွေကလဲ တော်လာကြပြီမို့ သရုပ်ဆောင်ပိုင်းနဲ့ပတ်သက်ပြီး အများကြီးပြောစရာမရှိဘူး။ ဇာတ်လမ်းလေးက မဟူရာ (လှိုင်ကော်) ရဲ့ နာမည်ကြီးဝတ္ထုမို့လားမသိ တော်တော်ကောင်းပါတယ်။ အပိုင်း(၂၀) ပါဝင်မဲ့ မေတ္တာလေညင်း သင်းစေသား ဇာတ်လမ်းတွဲကို မေလဆန်းမှာ MRTV-4 ရုပ်သံလိုင်းနဲ့ Hey Play Application ကနေ ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

မေတ္တာလေညင်း သင်းစေသား ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်ဇော်၊ မင်းဦး၊ ဘုန်းမင်းနေလ၊ နေဝန်း၊ မှူးသီဟသူ၊ ချောရတနာ၊ ယမုံမြင့်မြတ်၊ စောလပြည့်ဝန်း၊ ထက်ထက်လင်းလက်၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

## Texas Chainsaw Massacre ဇာတ်ကားကို ဒါရိုက်တာ ကာရီဘာကာက ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဧပြီ ၂၄**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Texas Chainsaw Massacre ထိတ်လန့်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ ကာရီဘာကာက တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း ဧပြီ ၂၃ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ကာရီဘာကာသည် အထက်ပါဇာတ်ကားရိုက်ကူးရေးအတွက် A 24 ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက Texas Chainsaw Massacre ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ကာရီဘာကာကပင် တာဝန်ယူရေးသားမည်ဖြစ်သည်။

ဒါရိုက်တာကာရီဘာကာသည် Obsession ဇာတ်ကားကို Focus Feature ရုပ်ရှင်ကုမ္ပဏီအတွက် ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Obsession ဇာတ်ကားသည် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ တစ်သန်းခန့်သာရှိသော်လည်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် Texas Chainsaw Massacre ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို A24 ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




## Hill Picture Film Production က ရိုက်ကူးထုတ်လုပ်မည့် ပိုးဖလံမျိုးမို့ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးမှုအခမ်းအနားပြုလုပ်

**ရန်ကုန် ဧပြီ ၂၄**

Hill Picture Film Production က ရိုက်ကူးထုတ်လုပ်မည့် ပိုးဖလံမျိုးမို့ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးမှု အခမ်းအနားကို ဧပြီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီး၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် နေတိုးထံမှ သိရသည်။

အဆိုပါ ပိုးဖလံမျိုးမို့ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ မောင်စိုးထိုက် (ဖဒို)၏ ပိုးဖလံမျိုးမို့ မီးနဲ့သာရေချိုးခဲ့သည် ဝတ္ထုကို လမင်းသာက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဝိုင်းက Hill Picture Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည့် ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ဇနီးဖြစ်သူအပေါ် သစ္စာရှိရှိ မြတ်နိုးတန်ဖိုးထားသူအဖြစ် ပါဝင်မှာဖြစ်ပါတယ်။ လောကဓံရဲ့ ရိုက်ချက်တွေကို ခံခဲ့ရတဲ့ ဇနီးဖြစ်သူ ချယ်ရီကို လူတန်းစေ့ထားနိုင်ဖို့၊ ပြည့်စုံချမ်းသာတဲ့ ဘဝတစ်ခုမှာ ထားနိုင်ဖို့ အစွမ်းကုန်ကြိုးစားနေပေမဲ့ ဇနီးဖြစ်သူရဲ့ ခံစားချက်တွေ၊ အထီးကျန်မှုတွေကို မမြင်ခဲ့မိလို့ အချိန်လွန်မှ ယူကျုံးမရဖြစ်ရတဲ့ နေလင်းအဖြစ် ပါဝင်သရုပ်ဆောင်မှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် နေတိုးက ပြောပြသည်။

အဆိုပါ ပိုးဖလံမျိုးမို့ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ စည်ဖြိုး၊ မင်းအာကာ၊ ကိုင်၊ ဦးမြိုင်၊ မိုးဟေကို၊ နီနီလင်းအိမ်၊ ဒေါ်ခင်ခင်ကြီး၊ ဩည့်သည်သရုပ်ဆောင် ယွန်းဝင့်လွှာအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from Mongphyat, Mongyaung, Tarlay, and Tachilek stations in Shan State (East)



General Ye Win Oo meets officers, other ranks and families from Mongphyat Station.

**Nay Pyi Taw April 24**

Commander-in-Chief of Defence Services General Ye Win Oo met officers, other ranks and families from Mongphyat, Mongyaung, Tarlay, and Tachilek stations at the hall of a local battalion in Mongphyat town this morning.

Also present were Daw Nilar, wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) Lt-Gen Tun Win and wife, senior military officers from Office of Commander-in-Chief and wives, and the Triangle Region Command commander.

In his speech, General Ye Win Oo said Tatmadawmen are the persons shouldering their duties with sacrificing spirit on own volition due to their love for the nation. Wives of the soldiers on their part are joining hands in the functions of a military unit at any place their husbands are assigned to through thick or thin as good companions. The Tatmadaw is based on camaraderie spirit and an institution consolidated with mutual respect between superiors and subordinates, respect for the peers, and sympathy for youngsters. Soldiers must realize their goals with collective efforts of individuals, sections and platoons through team spirit.

The 60 codes of conduct, all the Tatmadamen must observe, have already been stipulated. By observing the codes of conduct, there will be harmony in the relations between superiors and subordinates and with the people. So, they must uphold the 60 codes of conduct steadfastly. There can be no compromise when it comes to discipline which is the lifeblood of Tatmadaw. There are military rules in every sector from the ones in connection with duties to daily activities. There are also rules in connection with staff quarters and outpass permits. So, all those rules must be observed. There is zero tolerance for breaking the rules. The act of ignoring disciplinary breaches in family or an organization may lead to the destruction of both. Apart from harming the organization concerned, the ignorance of the responsible persons can also have effects on the surrounding areas. Hence, there must be admonishments within the framework of rules. Superiors must control their subordinates through constant guidance and correction with parental spirit and the spirit of a good commander to prevent bad things from happening. In this way, the Tatmadaw will stand as a disciplined institution.

He stated that, similar to morale and discipline, loyalty is a vital factor, and it is a profound element that concerns the very life of every military personnel. He noted that military personnel are those who have pledged to sacrifice even their lives for the State. He added that rewards are being provided to those who serve their duties with loyalty and sacrifice for the country. Regarding loyalty, he emphasized the need to always remain loyal and steadfast not only to the State and Tatmadaw but also to one's comrades and families. He concluded that the loyal conduct of each individual has a positive impact on the organization and will enable the building of unity.

Also, he stated that unity within the organization can be achieved through upright and correct leadership based on morale, good discipline, and loyalty. He noted that a commander must issue correct orders and fulfill the necessary requirements to ensure those orders can be carried out. He added that a unit or battalion with good leadership and unity can successfully accomplish any task. Furthermore, he emphasized that being complete with these four factors—good morale, good discipline, loyalty, and unity—will lead to the fulfillment of the three capabilities. Regarding these three capabilities, he stressed that every unit and battalion must undergo constant training to ensure they remain fully proficient in military capability.

He then stated that physical fitness is a fundamental requirement for the performance of duties. He noted that health issues lead to unnecessary wastage, which results in losses for Tatmadaw and create burdens for families. He added that health, education, and religion are matters that one must strive for individually. Therefore, he urged everyone to take personal care of their health and to avoid indulgences that could be detrimental to their physical well-being.

Regarding education, he stated that concerted efforts must be made to ensure all children of military personnel complete at least the KG+9 level. He noted that those who pass the KG+9 level can continue their studies at technical, agricultural, and livestock institutes, and responsible officials are planning to provide these opportunities. He added that these efforts are aimed at developing human resources for both Tatmadaw and the State.

Military personnel and their family members should actively read and study educational literature to broaden their knowledge, while officials must ensure timely access to military-issued magazines, journals, and newspapers. Strict measures are also needed to educate against the use, possession, or sale of drugs and to maintain drug-free households. In addition, awareness should be raised about the serious consequences of gambling, which can negatively impact both family life and professional responsibilities. Online gambling fraud should be treated as a national concern, with any information reported promptly to the relevant authorities.

The Tatmadaw is continually working to support the well-being of its members and their families, while also encouraging them to actively engage in both personal and military-supported farming and livestock activities, which can strengthen household livelihoods and contribute to overall welfare.

In Mongphyat, Mongyaung, Tarlay, and Tachilek—regions largely inhabited by ethnic communities— military personnel are required to engage with local people in line with military ethics, building public trust and respect by providing timely and effective assistance, especially during natural disasters, even without awaiting higher orders. The Commander-in-Chief of Defence Services also reviewed the needs of officers, other ranks, and their families, coordinating with relevant authorities to ensure those needs are addressed.

The Commander-in-Chief of Defence Services presented food supplies and gratuities for officers, other ranks, and their families at the station, with the station commander accepting them on their behalf. The wife of the Commander-in-Chief of Defence Services also provided gratuities to the maternal and child welfare associations at the station, which were received by the station commander's wife.

The Commander-in-Chief of Defence Services, accompanied by his wife and members, then warmly greeted the attending officers, other ranks, and their families.

After the meeting, the Commander-in-Chief of Defence Services and party reportedly inspected the battalions and units in Mongphyat by vehicle. 100

# Commander-in-Chief of Defence Services General Ye Win Oo, wife Daw Nilar visit officers, other ranks, families receiving medical treatment at local defence services hospital in Mongphyat



General Ye Win Oo comforts a patient at the local defence services hospital in Mongphyat.

**Nay Pyi Taw April 24**

Commander-in-Chief of Defence Services General Ye Win Oo, accompanied by his wife Daw Nilar, senior military officers from the Office of the Commander-in-Chief and their wives, the commander of Triangle Region Command and responsible officers, visited officers, other ranks, families and members of the Myanmar Police Force and people's militias (local) receiving medical treatment at the local defence services hospital in Mongphyat this morning.

First, the Commander-in-Chief of Defence Services and party arrived at the hospital and were greeted by the commandant and responsible officials of the hospitals.

Then, the Commander-in-Chief of Defence Services and party observed officers, other ranks and members of the MPF and people's militias (local) one by one and asked about their health conditions, medical treatment and improvements cordially before giving foodstuffs and cash rewards for them.

In the same way, the wife of the Commander-in-Chief of Defence Services and party went to maternal and child healthcare wards of the hospital and spoke words of encouragement to patients before offering assistance.

Afterward, the Commander-in-Chief of Defence Services and party inspected the hospital and gave necessary instructions. 100

*From Page 14*

In reality, I arrived at a terrorist den. I had no knowledge that they (my friends) would take me to such place. They promised me with good job and let me stay at that place. They told me that I must stay there as terrorist would do something bad to me as I had known their place. They didn't let me return home, instead, I had to attend a one-month training during which I did not have a regular meal. After completing the training, I was posted to Shwebo. Girls were assigned to rear echelon and had to serve the wounded. They had to cook food for the wounded persons. Those girls had to attend to the needs of terrorists, who collected about K 20 million every day from the people. They (terrorists) got cash donations, but they are busy with the work of serving their own families. They never had any consideration for their subordinates, who did not even have a regular meal. There were a lot of persons wounded in the battle fields. Mostly, they had to tend themselves. But the superiors totally ignored them, instead they ride luxury cars and lived a happy live with heir families. That's what happening there. Superiors never listened to our voices, and we had no rights at all. Even if parents wish to provide support, they didn't allow. They ordered us to care the wounded. But they did nothing for the wounded. There was shortage of medicines, and the wounded were neglected. There went to whatever place they liked. Something, they visited us and scolded us. When two girls from us wished to contact their parents, who were ill, they never allowed to do so. They confiscated the phones of the two. The two ran away, but were captured and were subject to torture. The superiors even had no mercy for the pregnant one. Then they put the two into jail. In the jail, they beat the girls till they were satisfied. I returned to the legal fold as I could not bear violence and torture anymore. I surrendered to the Tatmadaw after making contacts with friends who returned to the fold earlier. Many juvenile girls like me were still left in the organization. They too wanted to come back to the legal fold. So, I would like to ask help from officials to help those girls come back to the legal fold. I promise that I will never get involved in such terrorist groups.

3.The reason why I joined the group was that when they took over our town, we were conscripted by the TNLA. When we were drafted, we were required to join the group without fail. Frankly speaking, I didn't want to join the group but the PaKaPha lied to and convinced us to join them because after we had joined them, we were no longer required to serve under the TNLA and allowed to leave them at any time. When I told them I was going to leave them, they didn't allow me. They told us to give them Ks- one million per person if we wanted to leave them. I had to attend a training course for three and a half months. We were in the jungle and mountains during the training and had to endure poor conditions. When we ate food, we had to do with stale rice. On some days, we didn't have anything to eat. They were always trying to put blame on and beat us. They also swore at us rudely. After the training, I was assigned duties in Mogok. As I was still underage, I was not sent to the front but to find money by asking for donations. They also abused the money donated by the people. They didn't take care of soldiers under their command. Some of them abused narcotic drugs. Some people in the leadership spent the donations of the people on pleasures. When we had to stay with them, we saw two or three of them detaining a woman as old as our grandmother without any firm evidence and beating her with shoes. As we looked at their tortures and felt ashamed of ourselves. As I thought I was very wrong, I returned to the legal fold to the Tatmadaw. When we returned to the legal fold, we were warmly greeted by responsible officers from the Tatmadaw and provided with anything we needed. We are going to meet with our parents soon. I invite my friends who are left in the jungle to return to the legal fold to meet with their parents. 100

# EU warns any Iran deal involving no nuclear experts weaker than 2015 pact

**Nicosia April 24**

The European Union (EU) warned Friday that any new agreement with Iran could be weaker than the 2015 nuclear deal if U.S.-Iran talks proceed without nuclear experts.

"If the talks are only about the nuclear and there are no nuclear experts around the table, then we will end up with an agreement that is weaker than the JCPOA was," said Kaja Kallas, the EU's foreign policy chief.

Kallas made the remarks as EU leaders gathered in Cyprus to discuss the economic and security fallout from the Middle East conflict on Thursday and Friday.

The Joint Comprehensive Plan of Action (JCPOA) nuclear agreement, known as the Iran nuclear deal, was a landmark agreement struck in 2015 between Iran and the United States, Britain, France, Russia, China, Germany and the EU.


Under the deal, Tehran agreed to curb its nuclear program in exchange for sanctions relief. However, the United States withdrew from the deal during the first term of U.S. President Donald Trump.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 470 males and 47 females, totalling 517 from PDF terrorist groups including KIA, AA and PLA terrorist groups accepting the peace processes of the State and the Tatmadaw return to the legal fold, and transferred to parents and gardians systematically



The Chief Minister, the Commander and responsible officials inspect weapons and ammunition surrendered by those who have re-entered the legal fold.

**Nay Pyi Taw April 24**

The government extends invitations to those from various armed opposition groups including PDF to return to the legal frame and provides necessary aid for those returnees.

Tatmadaw columns recapture and regain control, one area after another, from armed terrorist groups and PDF groups that had temporarily held territory in various regions and states. As a result, local residents warmly welcome Tatmadaw members who are carrying out their duties with great sacrifice to restore peace and stability of the regions. Due to increasing public encouragement, support, and trust, as well as cooperation with the Tatmadaw, members of these terroristgroups have become demoralized and no longer wish to continue resistance. Consequently, some PDF members, wishing to abandon armed struggle and live peacefully, have been reporting to nearby military camps and re-entering the legal fold group by group, where they have been welcomed back by responsible officials in their respective areas.

Today, a ceremony to transfer those returnees to parents and guardians took place at the parade ground of the Central Command, attended by Mandalay Region Chief Minister U Myo Aung, Commander of Central Command Brig-Gen Aung Htay, departmental officials, parents and guardians of the returnees and guests.

The Chief Minister delivered a speech where the Commander explained the legal provisions. The Commander accepted 31 assorted arms, 48 grenades and grenade shells, one walkie-talkie, 35 magazines, 1,298 rounds of ammunition, and three mines handed over by the returnees. The Chief Minister and the Commander presented K5 million per an automatic rifle, Ks-500,000 per a homemade gun, Ks-300,000 per granade/granade shell, Ks-200,000 per walkie-talkie and Ks-100,000 per indivdual returnee, totalling Ks-171.2 million and supplies to the returnees. Subsequently, those who re-entered the legal fold were required to sign pledges, after which they were systematically handed back to their parents or guardians.

Then, the Chief Minister, the Commander and responsible officials inspected the weapons and ammunition surrendered by those who had re-entered the legal framework, warmly welcomed and greeted those who came, and hosted them with food and refreshments.

At today's ceremony, as a handover of those who have re-entered the legal framework—accepting and believing in the peace processes and genuinely desiring regional stability and tranquility—to their parents or guardians, it is reported that a total of 517 individuals, comprising 470 men and 47 women, were handed over. This included: (58 men, 5 women) from Aungmyethazan Township, (4 men) from Chanayethazan Township, (2 men) from Chanmyathazi Township, (1 man) from Pyigyitagun Township, (8 men, 3 women) from Amarapura Township, (4 men, 1 woman) from Patheingyi Township, (11 men, 3 women) from Kyaukse Township, (1 man) from Myittha Township, (1 man) from Tada-U Township, (2 men) from PyinOoLwin Township, (4 men) from Nawnghkio Township, (118 men, 9 women) from Madaya Township, (14 men, 1 woman) from Thabeikkyin Township, (138 men, 15 women) from Singu Township, (22 men, 4 women) from Mogok Township, (13 men) from Momeik Township, (4 men) from Kyaukpandaung Township, (9 men, 4 women) from Myingyan Township, (16 men, 1 woman) from Nyaung-U Township, (3 men) from Chauk Township, (1 man) from Seikpyu Township in Mandalay Region; and from Magway Region: (8 men) from Ngape Township, (3 men, 1 woman) from Salin Township, (2 men) from Minhla Township, (8 men) from Mindon Township, (14 men) from Pakokku Township, (1 man) from Yenangyaung Township.

It is further reported that most of the members of the so-called PDF who entered the legal framework were individuals who had been coerced and forcibly recruited through threats against their family members and relatives. They decided to abandon the armed path and re-enter the legal framework because they could no longer accept the acts of violence, including hierarchical oppression, killings among themselves, and sexual assaults within those groups. Additionally, they were unable to resist the military's offensives, leading to low morale. Furthermore, they came to believe in and accept the state and military's peace processes, wishing to live peacefully within the legal framework and wanting to repay the state and the public for the damages and losses caused by their actions.

Those re-entering the legal framework are being welcomed, assisted, supported as needed, and systematically handed over to their parents or guardians. It is reported that there remain individuals who wish to re-enter the legal framework. Those who wish to do so are urged to quickly contact and inform the nearest district or township administrative bodies, military camps, or police stations, where they will be welcomed, received, and provided with necessary support. It is also reported that appropriate cash rewards will be given for surrendered weapons and ammunition.

The heartfelt voices of those who have entered the legal framework are heard as follows:

1. When MDY-PDF entered our Thabeikkyin Township, they claimed that one person from every household must mandatory join. They threatened to harm or bring trouble to our families if we didn't join, so we had to enter. During the training period, we were sent to a place called Hgnapyaw Taw. From Hgnapyaw Taw, we were sent to a place called Thattu Twin. From Thattu Twin, we reached Northern Shan State. We also had to give back the money we received to the superior officers. However, we did not see them using it for the people. We saw them using it only for their own personal benefit. Some younger brothers and sisters were also sold off. That is why, as we disliked this system and did not want to stay there, we ran away. Upon fleeing from the organization, we have now come to surrender to Tatmadaw. When we came to surrender, Tatmadaw welcomed us warmly. They have made arrangements for our accommodation and food to be convenient. They treat everyone like brothers. I invite the brothers, sisters, and friends left behind in the group to also come and surrender to Tatmadaw.

2. I got into this organization as I was not getting along well with my family. When I visited my friends, they told me to follow them as business was good there. They said every thing would be OK, and took me with them.

*See Page 13*



A man who has entered the legal fold gives an interview.



A woman who has entered the legal fold gives an interview.



Those who have entered the legal fold give an interview.

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၇၆၆၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၁၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၇၆၆၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြတ်မိုးဝင်းကပြောပြသည်။

ကုလားပဲကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရံ့ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ မတ်လအတွင်း ငါးရံ့ ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင် မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ ရောင်းချလျက်ရှိပြီး ဖေဖော်ဝါရီ လအတွင်းက ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လတွင် ငါးရံ့ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း သိရသည်။

"မတ်လထဲမှာ ငါးရံ့တွေကို ရန်ကုန်ဈေးကွက်ထဲကို သိသိ သာသာကို တင်ပို့အားကောင်းခဲ့ပါ တယ်။ ငါးရံ့တွေ တင်ပို့ရောင်းချ မှုကောင်းခဲ့တာက ပြည်တွင်း ဈေးကွက်မှာကို အဝယ်လိုက်နေ လို့ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက် ကုန်တွေကို ရန်ကုန်ဈေးကွက် ထဲကိုပဲ အဓိကတင်ပို့ရောင်းခဲ့ ပါတယ်။ အခုလိုဝယ်ယူမှု အားကောင်းရလာတော့ ငါးရံ့ မွေးမြူရေး လုပ်ငန်းရှင်တွေ၊ လုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင် ပြေလာပါတယ်"ဟု မအူပင် မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရ သည့် ငါးရံ့အကြီး ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၄၅၀၀၀၀၊ ငါးရံ့ အလတ် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၂၁၅၀၀၀၊ ငါးရံ့ အသေး ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း မအူပင်မြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဒိုက်ဦးမြို့နယ် ကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဒိုက်ဦး မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင် လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကလိကျေးရွာ ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိ သူများ ကွင်းဆင်းစစ်ဆေး ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်း နှင့်ဝန်ထမ်းများက ကျေးရွာတွင်း လမ်း အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ကလိ ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များကို ဆောင်ရွက် ပြီးလုပ်ငန်းများ အကျိုးရှိစွာ အသုံးပြုနိုင်ရေး သက်ဆိုင်သူ အားလုံးက ဝိုင်းဝန်းထိန်းသိမ်း ရန်မှာကြားခဲ့သည်။

ကလိကျေးရွာ၌ လမ်းတစ်ဖက် လျှင် အရှည်ပေ ၅၈၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မ စီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၅ သန်း ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၏ နည်းပညာကူညီမှုဖြင့်ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခု နှစ် ဖေဖော်ဝါရီ ၃ ရက်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း များအားလုံးရာနှုန်းပြည့် ဆောင် ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်း ထံမှ သိရသည်။

**ကိုညို**






# ဒက္ခိဏသီရိမြို့နယ် ဂွေးတောက်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်၍ ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည် တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မြစိမ်း ရောင်ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်း က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့ဝါက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကြောင်း မိတ်ဆက်ရှင်းလင်း ပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက ကော်မတီဖွဲ့စည်းရာ တွင် လိုက်နာရမည့် စည်းကမ်း ချက်များ၊ စီမံကိန်းကြောင့် ရရှိလာမည့်ရေရှည်အကျိုးကျေးဇူး များနှင့် ကျေးရွာမှဆောင်ရွက် ရမည့်လုပ်ငန်းစဉ်များကို ကဏ္ဍ အလိုက် အသေးစိတ် ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာ သော ဂွေးတောက်ရိုးကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်း လုပ်ငန်းများကို အမှန်တကယ် ဦးဆောင် ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများ သဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ဂွေးတောက်ရိုး ကျေးရွာရှိ မိသားစုများ ဝင်ငွေ တိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင် နိုင်ရန်အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာ ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ် ပြီး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကာ လူမှုစီးပွားဘဝများ သိသာ ထင်ရှားစွာ ပြောင်းလဲတိုးတက် လာတော့မည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့ဝါထံမှ သိရသည်။

**ချိုသန်းညွန့်**







တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လက်ခံရယူစဉ်။

**တပ်မတော်သည် ရဲဘော်စိတ်ကိုအခြေခံ၍ တည်ဆောက်ထားကာ အထက်အောက် လေးစားသောစိတ်ဓာတ်၊ ရွယ်တူကိုလေးစားသောစိတ်ဓာတ်၊ ငယ်သူကို ညှာတာသော စိတ်ဓာတ်ရှိသည့် ခိုင်မာသောအဖွဲ့အစည်းဖြစ်၊ တစ်ဦးတစ်ယောက်ချင်းစီမှ အဖွဲ့၊ တပ်စိတ်၊ တပ်စုအဆင့်ဆင့်သည် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်လို . . .**

**စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှုကိုအခြေခံ၍ တော်တည့်မှန်ကန်သော ခေါင်းဆောင်မှုပေးခြင်းဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုကိုရရှိနိုင်မည်ဖြစ်၊ တပ်မှူးလုပ်သူသည် မှန်ကန်သောအမိန့်ကိုပေးရန်လိုပြီး ၎င်းအမိန့်ကို လိုက်ပါဆောင်ရွက်နိုင်ရန်လည်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်လို . . .**

☆ ကျောဖုံးမှအဆက်

တာဝန်ထမ်းဆောင်နေသူများဖြစ်ကြောင်း၊ အလားတူ တပ်မတော်သားများ၏ ဇနီးများသည်လည်း ကောင်းတူဆိုးဖက်တာဝန်ကျရာနေရာတွင် ပါရမီဖြည့်ဖက်ကောင်းများ အဖြစ်လိုက်ပါနေထိုင်၍ တပ်ရေးတပ်ရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင်လုပ်ကိုင်လျက်ရှိကြကြောင်း၊ ထို့ပြင် **တပ်မတော်သည် ရဲဘော်စိတ်ကိုအခြေခံ၍တည်ဆောက်ထားကာ အထက်အောက်လေးစားသောစိတ်ဓာတ်၊ ရွယ်တူကိုလေးစားသောစိတ်ဓာတ်၊ ငယ်သူကို ညှာတာသောစိတ်ဓာတ်ရှိသည့် ခိုင်မာသောအဖွဲ့အစည်း** ဖြစ်ကြောင်း၊ **တစ်ဦးတစ်ယောက်ချင်းစီမှ အဖွဲ့၊ တပ်စိတ်၊ တပ်စုအဆင့်ဆင့်သည် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်** လိုကြောင်း။

တပ်မတော်သားများအတွက် စောင့်ထိန်းလိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်အပါး၆၀ ကိုပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ကျင့်ဝတ်များကိုလိုက်နာခြင်းဖြင့် အထက်အောက်ဆက်ဆံရေး၊ လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေး၊ ပြည်သူလူထုနှင့်ဆက်ဆံရေးများတွင် အဆင်ပြေနိုင်မည်ဖြစ်၍ ကျင့်ဝတ်အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းလိုက်နာရန် လိုအပ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ အသက်သွေးကြောဖြစ်၍ စည်းကမ်းနှင့်ပတ်သက်၍ အလျှော့ပေး၍မရကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်မှုမှ စားသောက်နေထိုင်သွားလာမှုများအထိ ထောင့်စုံအောင် သတ်မှတ်ထားသည့် စည်းကမ်းများရှိပြီး အိမ်ထောင်သည်လိုင်းစည်းကမ်း၊ တပ်ပြင်ထွက်ခွင့်စည်းကမ်းစသည်ဖြင့် သတ်မှတ်ထားကာ လိုက်နာကြရန်လိုကြောင်း၊ စည်းကမ်းချိုးဖောက်မှုများနှင့် ပတ်သက်၍ လျစ်လျူရှု၍မရကြောင်း၊ အိမ်ထောင်တစ်ခု၊ အဖွဲ့အစည်းတစ်ခုအတွင်း စည်းကမ်းချိုးဖောက်မှုကိုလျစ်လျူရှုခြင်းသည် ၎င်းအိမ်ထောင်နှင့် အဖွဲ့အစည်းအတွင်း ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်ပေါ်စေကြောင်း၊ တာဝန်ရှိသူများ၏ ဘာသိဘာသာနေမှုသည်အဖွဲ့အစည်းကို ထိခိုက်စေသည်သာမက ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေနိုင်သဖြင့် စည်းကမ်းနှင့်အညီ ပြုပြင်ဆုံးမရန်လိုကြောင်း၊ သို့ဖြစ်၍ စည်းကမ်းနှင့်ပတ်သက်လာပါက အမိအဖ စိတ်ဓာတ်၊တပ်မှူးကောင်းစိတ်ဓာတ်တို့ဖြင့် မပြတ်သွန်သင်ဆုံးမခြင်းဖြင့် မကောင်းမှုကိုတားမြစ်နိုင်ပြီး စည်းကမ်းကောင်းသော တပ်မတော်အဖြစ် အစဉ်ရပ်တည်နိုင်မည် ဖြစ်ကြောင်း။

အထက်ပါစိတ်ဓာတ်နှင့်စည်းကမ်းကဲ့သို့ အရေးကြီးသောအချက်မှာ သစ္စာရှိမှုပင်ဖြစ်ကြောင်း၊ သစ္စာရှိမှုသည် တပ်မတော်သားတိုင်းအတွက် ဘဝနှင့်သက်ဆိုင်၍ လေးနက်မှုရှိကြောင်း၊ တပ်မတော်သားတို့သည် နိုင်ငံတော်အတွက် အသက်ကိုပင်စွန့်လွှတ်မည်ဟု ကတိသစ္စာပြုထားသူများဖြစ်ကြကြောင်း၊ နိုင်ငံတော်အတွက် သစ္စာရှိစွာ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်သောသူများကိုလည်း ချီးမြှောက်မှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ သစ္စာရှိမှုဆိုရာတွင်လည်း နိုင်ငံတော်နှင့်တပ်မတော်အပြင် မိမိရဲဘော်ရဲဘက်နှင့် မိသားစုများအပေါ် သစ္စာရှိစွာ အမြဲစောင့်ထိန်းနေရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ သစ္စာရှိစွာလိုက်နာကျင့်ကြံမှုမှအဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး စည်းလုံးညီညွတ်မှုကိုလည်း တည်ဆောက်နိုင်မည် ဖြစ်ကြောင်း။

**စိတ်ဓာတ်၊စည်းကမ်းကောင်းမွန်မှု၊သစ္စာရှိမှုကိုအခြေခံ၍ တော်တည့်မှန်ကန်သော ခေါင်းဆောင်မှုပေးခြင်းဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုကိုရရှိနိုင်မည်ဖြစ်** ကြောင်း၊ **တပ်မှူးလုပ်သူသည် မှန်ကန်သော အမိန့်ကိုပေးရန်လိုပြီး ၎င်းအမိန့်ကိုလိုက်ပါ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်လို**ကြောင်း၊ **ကောင်းမွန်သောခေါင်းဆောင်မှုနှင့် စည်းလုံးညီညွတ်မှုရှိသော တပ်ရင်း၊တပ်ဖွဲ့သည် မည်သည့်ကိစ္စကိုမဆို အောင်မြင်အောင်လုပ်ဆောင်နိုင်**ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးခြင်းဟူသော အချက် လေးချက်နှင့်ပြည့်စုံခြင်းဖြင့် စွမ်းရည်သုံးရပ်ပြည့်စုံနိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည်သုံးရပ်တွင်လည်း တပ်ရင်း၊တပ်ဖွဲ့တိုင်းသည် စစ်ရေးစွမ်းရည်ပြည့်ဝနေရန် အမြဲလေ့ကျင့်နေကြရန်လိုကြောင်း။

လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ ကျန်းမာရေးကြောင့် မလိုလားအပ်သောပြဿနာများဖြစ်ပေါ်လျက်ရှိပြီး တပ်မတော်အတွက် ဆုံးရှုံးမှုများဖြစ်ပေါ်သကဲ့သို့ မိသားစုများအတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေးတို့သည် မိမိကိုယ်တိုင်ကြိုးစားလုပ်ယူရသော ကိစ္စရပ်များဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးကို ကိုယ်စီဂရုစိုက်ကြရန်နှင့် ကျန်းမာရေးထိခိုက်စေသည့် အပျော်အပါးများကို ရှောင်ကြဉ်ရန်မှာကြားလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ တပ်မတော်သားများ၏ သားသမီးအားလုံးကို KG+9 အဆင့်ထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် တပ်မတော်နှင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ဗဟုသုတရစေသည့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရန်လိုကြောင်း၊ တပ်မတော်မှ ထုတ်ဝေဖြန့်ချိလျက်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်များနှင့် သတင်းစာများကို အချိန်မီရရှိအောင် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများနှင့်ပတ်သက်၍ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းလုံးဝမပြုလုပ်ရန်နှင့် မိသားစုဝင်များပါ ကင်းကင်းရှင်းရှင်းရှိစေရေး ကြပ်မတ်သွန်သင်နေရန်လိုကြောင်း၊ အလားတူ လောင်းကစားခြင်းသည်လည်း ဆိုးရွားသောအကျိုးဆက်များကိုဖြစ်ပေါ်စေ၍ မိသားစုနှင့် လုပ်ငန်းတာဝန်များကိုပါ ထိခိုက်စေနိုင်ကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် ပတ်သက်၍လည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထား၍ သတင်းရရှိသည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်မီသတင်းပို့ တားဆီးနိုင်ရန် လိုကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် လိုအပ်ချက်များကို အမြဲမပြတ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ မိသားစုဝင်များအနေဖြင့်လည်း တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း။

မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်ဒေသတို့သည် တိုင်းရင်းသားပြည်သူလူထုအများစုနေထိုင်ရာနယ်မြေများဖြစ်၍ ဒေသခံတိုင်းရင်းသားများနှင့်ထိတွေ့ဆက်ဆံရာတွင် တပ်မတော်သားပီသစွာကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုရန်နှင့် ဒေသအလိုက် သဘာဝဘေးအန္တရာယ်များကြုံတွေ့လာခဲ့ပါကလည်း အထက်အမိန့်မစောင့်ဘဲထိရောက်သောကူညီမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်လေးစားမှုကိုရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း ဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုင်းဖြတ်တပ်နယ်အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်ကြည့်ရှုအားပေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့်အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ အမျိုးသမီးနှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့်လူနာများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၄**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော် ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များကို လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ချက်နှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ရေးတိုက်တွန်းနှိုးဆော်ချက်တို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် ဧပြီ ၂၄**

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီး PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့သည်လည်း နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည် ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားရာ ဆက်သွယ်ဆောင်ရွက်လိုပါက အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) လုပ်ငန်းကော်မတီရုံး(နေပြည်တော်)
- (၁) ၀၃၂-၃၀၀၃၇၊ ၀၃၂-၃၀၁၃၅၊ ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၆၁၁၉၈၅၅၄၊ ၀၉-၂၆၁၁၇၉၀၀၅

(ခ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး(ကချင်ပြည်နယ်)
- (၁) ၀၉-၃၉၁၀၁၆၆၉၊ ၀၉-၃၉၁၀၁၈၁၇၊ ၀၁-၃၃၃၁၆၃၅
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၄၃၆၇၈၇၊ ၀၉-၂၆၁၁၇၉၀၂၂

(ဂ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(ကယားပြည်နယ်)
- (၁) ၀၃၄-၃၂၁၃၁၊ ၀၃၄-၃၇၃၀၅၊ ၀၃၄-၃၇၃၀၆၊ ၀၃၄-၃၇၃၁၄
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၆၄၃၈၀၇၀၇၊ ၀၉-၈၈၅၆၀၄၅၄၅

(ဃ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(ကရင်ပြည်နယ်)
- (၁) ၀၃၇-၃၆၄၀၈၊ ၀၃၇-၃၆၂၀၇၊ ၀၅၈-၂၀၂၃၄၃၇၊ ၀၅၈-၂၀၂၃၄၃၈
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၂၅၂၉၄၃၅၁၊ ၀၉-၈၉၃၃၃၇၅၇၅

(င) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(ချင်းပြည်နယ်)
- (၁) ၀၃၃-၃၂၃၁၄၊ ၀၃၃-၆၀၅၃၄၊ ၀၁-၃၃၃၆၆၀၀
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၇၂၄၈၉၉၊ ၀၉-၂၅၄၉၄၈၇၅၄

(စ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၃၃-၃၂၃၆၆၊ ၀၃၃-၃၁၂၁၂၊ ၀၇၁-၂၀၃၂၅၃၁
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၈၄၆၇၀၂၄၊ ၀၉-၂၆၁၁၇၉၁၀၂

(ဆ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၃၇-၄၀၀၀၅၊ ၀၉-၆၉၆၇၁၁၅၇၇၊ ၀၅၉-၂၀၂၃၆၂၄၊ ၀၅၉-၂၀၂၃၆၂၅
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၉၈၄၇၇၁၁၁၊ ၀၉-၆၉၅၁၁၇၆၇၆၊ ၀၉-၂၅၆၄၈၀၂၉၅

(ဇ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၃၂-၃၃၁၄၃၊ ၀၃၂-၃၃၁၄၆၊ ၀၅၂-၂၂၀၁၈၀၀၊ ၀၅၂-၂၂၀၀၇၈၉၊
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၅၅၅၄၂၁၈၆၊ ၀၉-၈၉၉၆၂၃၈၆၆

(ဈ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(မကွေးတိုင်းဒေသကြီး)
- (၁) ၀၃၂-၃၁၀၄၆၊ ၀၃၂-၃၂၆၁၀၊ ၀၆၃-၂၀၂၈၈၇၇၊ ၀၆၃-၂၀၂၆၆၃၈
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၉၃၀၅၂၅၈၀၊ ၀၉-၂၆၁၁၇၉၁၆၇၊ ၀၉-၂၅၅၀၀၂၅၁၀

(ည) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၃၃-၃၃၀၅၃၊ ၀၃၃-၃၃၁၄၇၊ ၀၂-၄၀၂၄၉၈၂၊ ၀၂-၄၀၃၉၀၈၁
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၇၀၁၀၉၇၉၇၊ ၀၉-၄၅၅၃၆၅၁၇၁

(ဋ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(မွန်ပြည်နယ်)
- (၁) ၀၃၇-၃၀၀၄၈၊ ၀၃၇-၃၀၀၁၁၊ ၀၅၇-၂၀၂၇၉၁၀၊ ၀၅၇-၂၀၂၇၉၁၁
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၉၃၂၃၂၀၊ ၀၉-၄၂၆၂၇၆၃၀၅

(ဌ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(ရခိုင်ပြည်နယ်)
- (၁) ၀၃၂-၃၁၇၇၇၊ ၀၃၂-၃၁၇၁၁၊ ၀၉-၈၉၉၆၂၁၄၂၀
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၅၃၇၆၂၆၉၊ ၀၉-၈၉၉၆၄၁၉၂၁

(ဍ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၃၁-၂၅၉၃၆၊ ၀၃၁-၂၅၉၄၄၊ ၀၁-၈၃၀၁၂၀၅၊ ၀၁-၈၂၂၁၀၁၇၊
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၀၇၈၈၂၁၆၊ ၀၉-၄၄၃၄၄၀၁၁၃

(ဎ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(ရှမ်းပြည်နယ်)
- (၁) ၀၉-၃၉၁၀၄၆၇၀၊ ၀၃၄-၃၈၆၁၂၊ ၀၃၄-၃၃၁၀၄၊ ၀၈၁-၂၂၀၁၉၂၂
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၇၂၂၇၃၃၁၂၊ ၀၉-၂၅၂၇၉၈၈၅၉

(ဏ) လုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၃၁-၂၁၁၂၁၊ ၀၃၁-၂၁၀၀၃၊ ၀၄၂ - ၂၃၆၇၅
- (၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၉၂၁၂၆၈၀၁၊ ၀၉-၉၇၁၀၉၅၀၅၀

၂။ အပြုသဘောဆောင်သည့် ဆက်သွယ်လာမှုများကို လက်ခံဖြေကြား၍ ဆက်လက်ဆောင်ရွက် ရမည်များကို ရှင်းလင်းပြောကြားပေးခြင်း၊ သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ**

# မန္တလေးဒေသရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေး



မန္တလေး ဧပြီ ၂၄

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လျောင်ကြောင့် မန္တလေးဒေသရှိ အရိပ်မထွက်ဘုရား၊ ဘုရားနီဘုရား၊ မဟာမင်းထင်သစ်သားဘုန်းကြီးကျောင်း၊ မဟာစန္ဒာမုနိဘုရား၊ မဟာမုနိရုပ်ရှင်တော်တို့ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အရိပ်မထွက်ဘုရား ထိခိုက်ပျက်စီးမှုနှင့် အလှူရှင်များ လှူဒါန်းမှုအရ ပြုပြင်နေမှုကို သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြုပြင်ရာတွင် မူလလက်ရာမပျက်ပြုပြင်သွားရန်၊ ပြုပြင်ရာတွင် ပြန်လည်အသုံးပြုနိုင်သည့် ရှေးအုတ်များကို ပြန်လည်အသုံးပြုသွားရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အင်းဝခေတ်ဦးပိုင်းကတည်းက တည်ထားခဲ့သော ဘုရားနီဘုရားကို သွားရောက်စစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက ဘုရားကြီးအား ပြုပြင်ရာတွင် ရှေးမူမပျက်ပြုပြင်ရန်နှင့် မူလနှစ်ထပ်ဘုရားဖြစ်ကြောင်း ပေါ်လွင်စေရန်အတွက် ပြုပြင်သည့်အခါတွင် နှစ်ထပ်စေတီများအတွက် ပြုပြင်သည့်အတိုင်း တစ်ပါတည်းဆောင်ရွက်သွားရန်၊ အတွင်း နှစ်ထပ်စေတီအတွက် ချန်လှပ်ခဲ့ရာတွင် မိုးရေစိမ့်ဝင်ခြင်းမရှိအောင် ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် မဟာမင်းထင် သစ်သားဘုန်းတော်ကြီးကျောင်းကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ညှိနှိုင်းစီစဉ်မှု၊ ဂျပန်နိုင်ငံဘက်က လှူဒါန်းငွေတို့ဖြင့် ပြုပြင်နေမှုအခြေအနေကိုလည်းကောင်း၊ ဘိုးတော်ဗဒုံမင်း အေဒီ-၁၇၈၄ တွင် တည်ခဲ့သော မဟာစန္ဒာမုနိဘုရား ခေါင်းလောင်းအထက်ပိုင်းနှင့် ပစ္စယံဆင့်များ ပြိုကျပျက်စီးမှုနှင့် အလှူရှင် လှူဒါန်းမှုဖြင့် မူလပုံသဏ္ဌာန်မပျက် ပြန်လည် ပြုပြင်နေမှုကိုလည်းကောင်း၊ မဟာမုနိရုပ်ရှင်တော်ရှိ ထိခိုက်ပျက်စီးခဲ့သည့် အာရုံခံတန်ဆောင်း၊ မုခ်ဦးများ၊ ဂန္ဓကုဋိတိုက်များ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်အတူ မန္တလေးမြို့ရှိ Y Mandalay Hotel ၌ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးတို့ကို တစ်ပြိုင်တည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည့်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ခရီးသွားများကို မိမိတို့ဒေသခံရိုးရာဓလေ့များ၊ ရိုးရာအနုပညာရပ်များ၊ သမိုင်းဝင်နေရာများနှင့် ပိုမိုထိရောက်စွာ မိတ်ဆက်ပေးနိုင်မည့်အပြင် ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေကိုလည်း တိုးတက်ရရှိစေမည်ဖြစ်ပါကြောင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ စုံလင်စွာတည်ရှိနေသည့်မြို့တစ်မြို့ဖြစ်ပြီး ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်း (Cultural Tourism) ဖော်ဆောင်ရန် အထူးကောင်းမွန်သည့် ခရီးစဉ်ဒေသကြီးတစ်ခု ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအားလုံးသည် အကျိုးရှိထိရောက်စွာ အသုံးချပြီး မြန်မာနိုင်ငံကို သွားလာလည်ပတ်စရာ ကောင်းမွန်သည့် ခရီးစဉ်ဒေသကြီးတစ်ခုအဖြစ် ကမ္ဘာကသိအောင် promotion and marketing ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းမြို့တို့မှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များက အသင်းအဖွဲ့အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ လျှောင်ဒဏ်ခံဟိုတယ်များ လိုအပ်သည့် ထောက်ပံ့ကြေးငွေ ရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး၊ စက်သုံးဆီရရှိရေး ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အဆုံးအဖြတ်ကိစ္စရပ်များကို နိုင်ငံတော်အစိုးရသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနပိုင် ငှားရမ်းဟိုတယ်ဖြစ်သည့် Mandalay Swan Hotel ကိုလည်းကောင်း၊ ထွန်းလှဟိုတယ်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ်အခမ်းအနား ကျင်းပ



နေပြည်တော် ဧပြီ ၂၄

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)တွင် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "For Every Generation, Vaccines Work" ဖြစ်ပြီး မြန်မာဘာသာဖြင့် “မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား” ဟု ဘာသာပြန်ဆိုထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၉၈၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရပြီး ယခုအခါ ရောဂါ ၁၃ မျိုးကို ကာကွယ်သော ကာကွယ်ဆေးများကို ကမ္ဘာ့နိုင်ငံများနည်းတူ တိုးချဲ့ထိုးနှံပေးလျက်ရှိပြီး မျိုးဆက်တိုင်းကို ကာကွယ်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကို ဆန်းစစ်ရာတွင် ၂၀၂၁ ခုနှစ်၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှုအခြေအနေမှာ ၅၀ ရာခိုင်နှုန်းအောက်သာရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှုရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းအထက် ရောက်ရှိခဲ့ပြီးဖြစ်သည့်အတွက် လွှမ်းခြုံမှုရာခိုင်နှုန်းများ ပြန်လည်တိုးတက်လာသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း ၁၀၀ စီမံချက်ကာလအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းပါရှိပြီး ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးလျောင်ကြီးအပြီး ခုနစ်ရက်အတွင်းတွင် ထိခိုက်ဒဏ်ရာရရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များကို မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ဟန့်တား ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးမိဘများက အားကောင်းစွာပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ Outbreak သဖွယ် အစုလိုက်ဖြစ်ပွားမှု မရှိပါကြောင်း၊ နိုင်ငံတော်ကလည်း ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှ အလုံးစုံကျခံ၍ ဝယ်ယူသည့်နည်းလမ်း (Self-financing)၊ နိုင်ငံတော်နှင့် GAVI တို့ အချိုးကျထည့်ဝင်၍ ဝယ်ယူသည့်နည်းလမ်း (Co-financing)တို့ဖြင့် နှစ်စဉ်နိုင်ငံပိုင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ထိ ကျခံသုံးစွဲလျက်ရှိပြီး ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှုမှတ်တမ်းတင် Documentary Story ပြသခြင်း၊ “မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား” တေးသီချင်း Video ပြသခြင်းနှင့် တက်ရောက်လာသူများက ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ဦးရေ ၁၇၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

| | |
|---|---|
| ၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate) | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ** |

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ မန္တလေးတိုင်းဒေသကြီးတွင် ရက် ၁၀၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး ဧပြီ ၂၄

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ မန္တလေးတိုင်းဒေသကြီးတွင် ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် ဧပြီ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်ထိ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သော လုပ်ငန်းများအနက် မန္တလေးတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း ၂၅ ချက်ကို ရက် ၁၀၀ အတွင်း ပြီးစီးအောင်မြင်အောင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်သူလူထု သိသင့်သိထိုက်သော အချက်အလက်များကို ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပြင်ဆင်ထားသည့်အစီအမံများ၊ ဘဏ္ဍာငွေကြေးသုံးစွဲရန် လျာထားမှုများ၊ ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်သော ဌာနများနှင့် အခြားလိုအပ်ချက်များကို စာရင်းဇယားအချက်အလက် တိကျမှန်ကန်စွာဖြင့် အချိန်နှင့်တစ်ပြေးညီ ဆွေးနွေးတင်ပြသွားကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ်တစ်ခုချင်းစီကို သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွင်းပြီးစီးအောင် အတွေ့အကြုံများဖြင့် ပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာကာ စနစ်တကျကြပ်မတ်၍ ဝိုင်းဝန်းကြိုးပမ်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က မန္တလေးတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း ၂၅ ချက်ကို ရက် ၁၀၀ အတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရေး ဖြည့်စွက်ဆွေးနွေးပြောကြားကြပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှု အခြေအနေများနှင့် ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း ၂၅ ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့်ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး

နေပြည်တော် ဧပြီ ၂၄

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံမဲဆန္ဒရှင်ပြည်သူများက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ လမ်း၊တံတားဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိမဲဆန္ဒနယ်မြေအတွင်း တည်ငြိမ်အေးချမ်းစေရေးအတွက် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားပြီး ဒေသခံမဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

**စတင်ပျံသန်းပြေးဆွဲမှု**

ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် ခရီးစဉ်ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီ မိနစ် ၅၀တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ အလားတူ မြိတ်-ဘုတ်ပြင်း- ကော့သောင်း- ဘုတ်ပြင်း-မြိတ်ခရီးစဉ်ကို ယနေ့ နံနက် ၈ နာရီတွင် မြိတ်မြို့မှစတင်ထွက်ခွာခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင်သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန

❑ ဥပဒေဘောင်အတွင်း ဝင်ရောက်မှ

PDF အမည်ခံ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ အမြင်မှန်ရရှိကာ အေးချမ်းစွာနေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် နီးစပ်ရာ တပ်စခန်းများရှိ တာဝန်ရှိသူများထံ သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက အသီးသီး ကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်မျိုးစုံ ၃၁ လက်နှင့် လက်ပစ်ဗုံး၊ ဗုံးသီး ၄၈ လုံး၊ စကားပြောစက် တစ်လုံး၊ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ ၁၂၉၈ တောင့်၊ မိုင်းမျိုးစုံ သုံးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်း၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်း နှုန်း၊ လက်ပစ်ဗုံး၊ ဗုံးသီး တစ်လုံးစီအတွက် ဆုကြေး ငွေကျပ် သုံးသိန်းနှုန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်းနှင့် အလင်းဝင်ရောက်လာသူများကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၇၁၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်ခဲယမ်းများ ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ် အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား လေးဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး သုံးဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား တစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ နောင်ချိုမြို့နယ်မှ အမျိုးသား လေးဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ကိုးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၁၅ ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး လေးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား ၁၃ ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မှ အမျိုးသား လေးဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး တစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား သုံးဦး၊ ဆိပ်ဖြူမြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊မင်းလှမြို့နယ်မှ အမျိုးသား နှစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ ရေနံချောင်းမြို့နယ်မှ အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသားဦးရေ ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၅၁၇ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများကို ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"MDY-PDF တွေ ကျွန်တော်တို့ သပိတ်ကျင်းမြို့နယ်ထဲ ဝင်ရောက်လာတဲ့အခါမှာ တစ်အိမ်တစ်ယောက်အနေနဲ့ မဖြစ်မနေဝင်ရမယ့်စနစ်လို့ သူတို့ပြောတယ်။ ပြောတဲ့အခါမှာ ကျွန်တော်တို့ တကယ်လို့မဝင်ရင် မိသားစုတွေကို အန္တရာယ်ပေးမယ် ဒုက္ခပေးမယ်ဆိုလို့ ကျွန်တော်တို့ဝင်ခဲ့ရပါတယ်။ ရောက်တဲ့အချိန်မှာ သင်တန်းကာလမှာ ကျွန်တော်တို့ကို ၄က်ပျောတောဆိုတဲ့နေရာကို ပို့ပါတယ်။ ၄က်ပျောတောကနေပြီးတော့ သတ္တုတွင်းဆိုတဲ့နေရာကို ပို့ပါတယ်။ သတ္တုတွင်းကနေပြီးတော့ ရှမ်း(မြောက်)ကိုရောက်ပါတယ်။ ကျွန်တော်တို့ရတဲ့ ပိုက်ဆံတွေကိုလဲ အထက်အရာရှိကို ပြန်ပေးဆောင်ရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့က ပြည်သူတွေအတွက် သုံးတာ မတွေ့ရပါဘူး။ သူတို့ကိုယ်ကျိုးကောင်းစားဖို့အတွက်ပဲ သုံးတာတွေကို ကျွန်တော်တို့ တွေ့ရှိခဲ့ပါတယ်။ တချို့ ညီငယ်ညီမငယ်တွေကိုလဲ ရောင်းစားတာတွေလဲရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီစနစ်ကို မကြိုက်လို့ ဒီမှာလဲမနေချင်လို့ ထွက်ပြေးခဲ့တာဖြစ်ပါတယ်။ အဖွဲ့အစည်းကနေ ထွက်ပြေးလာတဲ့အချိန်မှာ အခုတပ်မတော်ထံမှာ အလင်းလာဝင်တာပဲ ဖြစ်ပါတယ်။ တပ်မတော်ထံမှာ အလင်းလာဝင်တဲ့အချိန်မှာလဲ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ နေရေး၊ ထိုင်ရေး ၊ စားရေး၊ သောက်ရေး အားလုံးအဆင်ပြေအောင် လုပ်ပေးပါတယ်။ ညီအစ်ကိုလိုပဲ အားလုံးကို ဆက်ဆံပါတယ်။ အဖွဲ့ထဲမှာ ကျန်ခဲ့တာ ညီအစ်ကိုမောင်နှမတွေ သူငယ်ချင်းတွေလဲ တပ်မတော်ထံမှာ အလင်းလာဝင်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

"ဒီအဖွဲ့အစည်းထဲရောက်သွားရတာကတော့ အိမ်နဲ့အဆင်မပြေတာနဲ့ သူငယ်ချင်းတွေဆီသွားရင်းနဲ့ သူငယ်ချင်းတွေက သူတို့နဲ့လိုက်ခဲ့ ဟိုမှာလုပ်ငန်းအဆင်ပြေတယ်ပေါ့။ အစစအရာရာ အဆင်ပြေတယ်ဆိုပြီး ခေါ်သွားတယ်။ ဟိုမှာ အကြမ်းဖက်တွေဆီရောက်သွားတယ်။ အဲဒီလိုမျိုးခေါ်သွားမယ်လို့လဲ မသိဘူး။ လုပ်ငန်းကောင်းတယ်ဆိုပြီး ခေါ်သွားပြီး ဒီအကြမ်းဖက်ထဲမှာပဲ နေခိုင်းတယ်။ နေခိုင်းပြီးတော့ မနေရင်နင်တို့ကို တစ်ခုခုလုပ်မှာ ငါတို့ ပွိုင့်နေရာတွေသိသွားပြီဆိုတော့ ကျွန်တော်တို့ကို မပြန်ခိုင်းဘူး။ မပြန်ခိုင်းဘဲနဲ့ သင်တန်းတစ်လလောက်ပေးတယ်။သင်တန်းမှာလဲ ထမင်း နပ်မှန်အောင်လဲ မစားခဲ့ရဘူး။ သင်တန်းပြီးတော့ ရွှေဘိုမှာ တာဝန်ကျတယ်။ သမီးတို့ကို နောက်တန်းမှာထားတယ်။ ရှေ့တန်းက ထိခိုက်ဒဏ်ရာရသူတွေနဲ့ထားတယ်။ ထိခိုက်ဒဏ်ရာရသူတွေကို ထမင်းချက်ကျွေးရတယ်။ သူတို့ရဲ့ဝေယျာဝစ္စတွေ လုပ်ခဲ့ရတယ်။ ပြည်သူတွေဆီက လက်နက်ခဲယမ်းဖိုး တစ်နေ့ကို ငွေကျပ်သိန်း ၂၀၀ လောက်ကောက်တယ်။ အလှူငွေရတယ်။ ဘာလုပ်လဲဆိုတော့ သူတို့ကောင်းစားဖို့ သူတို့မိသားစုအတွက်ပဲ လုံးပန်းတယ်။ နောက်တန်းကရဲဘော်တွေကို တစ်ယောက်မှ လှည့်မကြည့်ခဲ့ဘူး။ ကျွန်တော်တို့ဆို ထမင်းငတ်တဲ့နေ့တွေလဲရှိတယ်။ ထမင်းပုံမှန်မစားခဲ့ရဘူး။ ရှေ့တန်းက ထိလာတဲ့ ရဲဘော်တွေလဲ အများကြီးပဲ။ သူတို့ဆိုလဲ ကျန်းမာရေးမကောင်းရင်တောင်မှ သူတို့ဘာသာသူတို့ပေတေနေခဲ့ရသူတွေလဲရှိတယ်။ ဒါပေမဲ့ သူတို့က လုံးဝ(လုံးဝ) လှည့်မကြည့်ခဲ့ဘူး။ သူတို့ကျတော့ ကားအကောင်းစားကြီးတွေစီးတယ်။ သူတို့ မိသားစုတွေနဲ့ သွားလာပျော်ပါးတယ်။ အဲဒီလိုတွေရှိတယ်။ ကျွန်တော်တို့ဖြစ်ချင်တဲ့ ဆန္ဒလဲမပေးဘူး။ အခွင့်အရေးဆိုတာလဲ မရှိခဲ့ဘူး။ မိဘက အဆင်မပြေလို့ ထောက်ပံ့ချင်ရင်တောင်မှ သူတို့ကမပေးဘူး။ ထိခိုက်ဒဏ်ရာရနေသူတွေကို စောင့်ရှောက်ခိုင်းတယ်။သူတို့ကိုယ်တိုင်လဲ လုပ်မပေးဘူး။ ပြီးရင်ဆေးဝါးတွေလဲ မပြည့်စုံဘူး။ ကျွန်တော်တို့နဲ့ပဲပစ်ထားတယ်။ သူတို့သွားချင်ရာသွားတယ်။ တစ်ခါတလေမှ ကျွန်တော်တို့ဆီလာတယ်။ လာပြီးတော့လဲ ဆူငေါက်သွားတယ်။ အာဏာတွေသုံးပြီးတော့ ကောင်မလေး နှစ်ယောက်၊ ကျွန်တော်တို့ထဲကပဲ မိဘတွေကလဲ ကျန်းမာရေးချို့တဲ့၊ အိမ်နဲ့လဲ ဆက်သွယ်မခိုင်းဘူး။ ဖုန်းတွေလဲသိမ်းထားတယ်။ သူတို့က ထွက်ပြေးတယ်။ ထွက်ပြေးတဲ့အချိန် သူတို့ နှစ်ယောက်ပြန်မိလာတယ်။ မိလာတော့ ညှဥ်းပန်းနှိပ်စက်တယ်။ ဗိုက်ကြီးသည်ကိုလဲ ဗိုက်ကြီးသည်မို့မညှာဘူး ညှဥ်းပန်းနှိပ်စက်တယ်။ ညှဥ်းပန်းနှိပ်စက်ပြီးတော့ သူတို့ကို ထောင်ထဲထည့်တယ်။ ထောင်ထဲထည့်တော့လဲ၊ ထောင်ထဲမှာလဲ သူတို့ မကျေမနပ်ချင်း သူတို့ကိုရိုက်တယ်။ အဲဒါ ကျွန်တော်ကလဲ သူတို့အကြမ်းဖက်နှိပ်စက်မှုတွေကို မခံနိုင်လို့ ကျွန်တော်လဲ ဒီဘက်ကို အလင်းဝင်လာတဲ့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ပြီးတော့ တပ်မတော်မှာလာပြီး အလင်းဝင်ရောက်ခဲ့ပါတယ်။ သမီးလိုမျိုး အသက်မပြည့်သေးတဲ့ ညီငယ်ညီမငယ်တွေလဲ အဖွဲ့အစည်းထဲမှာ ကျန်နေပါသေးတယ်။ သူတို့လဲ ကျွန်တော်တို့လိုပဲ အလင်းဝင်ချင်ပါတယ်။ သူတို့လေးတွေ အလင်းဝင်နိုင်ဖို့အတွက် သက်ဆိုင်ရာ လူကြီးမင်းတွေကိုလဲ အကူအညီတောင်းချင်ပါတယ်။ သမီးလဲ နောက်နောင် ဒီအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ မပတ်သက်တော့ပါဘူးလို့ ကတိပေးပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ အဲဒီအဖွဲ့အစည်းထဲရောက်သွားတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့မြို့ကို သိမ်းပြီးတော့ ကျွန်တော်တို့ကို TNLA ကနေပြီးတော့ စစ်မှုထမ်းခေါ်တယ်။ စစ်မှုထမ်းခေါ်တဲ့အချိန်ကျတော့ မဖြစ်မနေစစ်မှုထမ်းရမယ်။ အဲဒီလိုပြောတဲ့ အချိန်မှာ ကျွန်တော်တို့ကလဲ ရှင်းရှင်းပြောရရင် စစ်မှုမထမ်းချင်ဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ကို ပကဖအဖွဲ့အစည်းကနေပြီးတော့ ဒီအဖွဲ့အစည်းထဲဝင်လာခဲ့ပါ။ ဒီအဖွဲ့အစည်းထဲဝင်ပြီးသွားရင် မင်းတို့ကို စစ်မှုလဲမထမ်းခိုင်းတော့ဘူး။ မင်းတို့ထွက်ချင်တဲ့အချိန် ပြန်ထွက်လို့ရတယ်ဆိုပြီးတော့ ကျွန်တော်တို့ကို အယုံသွင်းပြီး လိမ်ခေါ်လာခဲ့တယ်။

စာမျက်နှာ ၂၂ သို့

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ ကတိသစ္စာပြုပွဲအခမ်းအနားနှင့် ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတမိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတို့တွင် “ပြည်သူများဆင်းရဲမှုလျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရသူများဖြစ်၍ တောင်သူလယ်သမားများ၏ဘဝမြှင့်တင်ဖို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း” လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာအရင်းအနှီးများရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော်မူဝါဒ၊လမ်းညွှန်ချက်များနှင့်အညီ သက်သာသောအတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါသည်။

၃။ ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှစတင်ဆောင်ရွက်မည့် အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်လည်းပါဝင်ရာ ချေးငွေအတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် သီးနှံအမျိုးအစားအလိုက် တစ်ဧကလျှင် အောက်ပါနှုန်းထားအတိုင်းတိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည်-

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေနှုန်းထား | တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား |
|---|---|---|---|
| (က) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀၀၀၀ | ကျပ် ၃၀၀၀၀၀ |
| (ခ) | အခြားသီးနှံ ၁၈ မျိုး | ကျပ် ၁၀၀၀၀၀ | ကျပ် ၂၅၀၀၀၀ |
| (ဂ) | ပန်းနှမ်း၊ဆီမုန်ညင်း၊ဂုန်လျှော် | ကျပ် ၁၀၀၀၀၀ | ကျပ် ၁၅၀၀၀၀ |

၄။ ထို့ပြင်လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း(Agro-based Industry) ကိုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူလုပ်ငန်းရှင်များလိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို သက်သာသောအတိုးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် တန်ဖိုးနည်း လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်မှအစ တန်ဖိုးမြင့်မားသော အခြောက်ခံစက်(Dryer)၊သိုလှောင်ရုံ(Silo)၊ ဆန်စက်များစသည့်လယ်ယာသုံးစက်ကိရိယာများကို အတိုးနှုန်း ခြောက်ရာခိုင်နှုန်း၊ ချေးငွေပမာဏ ကျပ်သိန်း ၃၀၀၀ ထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍ တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးရာသီစိုက်ပျိုးချိန်အမီ ၁၂-၅-၂၀၂၆ ရက်မှစတင်၍ ထုတ်ချေးမည်ဖြစ်ရာ ယခင်ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအချိန်မီရရှိနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာ ခရိုင်၊မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

---

**စာမျက်နှာ ၂၀ မှအဆက်**

ကျွန်တော်တို့ ပြန်ထွက်မယ်ပြောတော့ သူတို့ကပေးလဲ မထွက်တော့ပါဘူး။ ထွက်ချင်ရင် တစ်ယောက် ၁၀ သိန်းပေးရမယ်ဆိုပြီး ကျွန်တော်တို့ကိုပြောပါတယ်။ သင်တန်းကို သုံးလ ခွဲတက်ရပါတယ်။ သင်တန်းတက်တဲ့အချိန်မှာ တောထဲတောင်ထဲမှာဆိုတော့ အနေဆင်းရဲတယ်။ စားတဲ့အခါကျတော့လဲ ထမင်းအသိုးတွေနဲ့လဲစားခဲ့ရတယ်။ လုံးဝမစားရတဲ့ရက်တွေလဲရှိတယ်။ ကျွန်တော်တို့ကိုကျတော့ အမြဲတမ်းအပြစ်မရှိ အပြစ်ရှာပြီးရိုက်တယ်။ ရိုက်ပြီးမိုက်မိုက်ရိုင်းရိုင်းလဲဆဲပါတယ်။ ကျွန်တော်တို့သင်တန်းဆင်းပြီးတော့ ကျွန်တော်တို့ကို မိုးကုတ်မှာပဲ တာဝန်ထမ်းဆောင်ရတယ်။ ကျွန်တော်က အသက်မပြည့်သေးတဲ့အတွက် သူတို့က ရှေ့တန်းကိုမထွက်ခိုင်းဘူး။ နောက်တန်းမှာပဲ သူတို့အတွက် အလှူခံပြီး ပိုက်ဆံရှာပေးရတယ်။ ပြည်သူ



တွေဆီက အလှူခံထားတဲ့ ငွေတွေကိုလဲ သူတို့တွေက အလွဲသုံးစားလုပ်တယ်။ အောက်ကရဲဘော်တွေကို မကြည့်ကြဘူး။ ပြီးရင် မူးယစ်ဆေးသုံးတဲ့သူတွေလဲရှိတယ်။ ခေါင်းဆောင်ပိုင်းထဲက အဲဒီလိုမျိုး ပြည်သူတွေဆီက အလှူခံထားတဲ့ငွေကိုလဲ သူတို့အပျော်အတွက်သုံးကြတယ်။ ကျွန်တော်တို့ အဲဒီမှာ နေရတာကျတော့



ကျွန်တော်တို့ အဘွားအရွယ်လောက်ရှိတဲ့ အမေအိုကြီးကို သူတို့ ယောကျ်ားသားတွေ နှစ်ယောက် သုံးယောက်လောက်က ဘာမှမဟုတ်ဘဲနဲ့ သက်သေမခိုင်လုံတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ သူတို့ချုပ်နှောင်တယ်။ ပြီးတော့ ဖိနပ်တွေနဲ့ဝိုင်းရိုက်တာမျိုးတွေလဲရှိတယ်။ ကျွန်တော်တို့လဲ သူတို့ရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကြည့်ပြီး




ကျွန်တော်တို့လဲ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ရှက်လာတယ်။ ပြီးတော့ ကျွန်တော်တို့ အရမ်းမှားနေပြီထင်ပြီး ကျွန်တော်တို့ တပ်မတော်ထံ အလင်းဝင်လာတယ်။ ကျွန်တော်တို့ အလင်းဝင်လာတဲ့အခါမှာလဲ တပ်မတော်က တာဝန်ရှိသူများက ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်။ လိုလေသေးမရှိအောင်ထားပါတယ်။ ပြီးတော့ မကြာခင်မှာ ကျွန်တော်တို့မိဘတွေနဲ့ ပြန်တွေ့ရတော့မှာပါ။ တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေလဲ မိသားစုတွေနဲ့ပြန်တွေ့ကြဖို့ တပ်မတော်ထံ အလင်းဝင်ကြဖို့ ကျွန်တော်အနေနဲ့ ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။

(၅၀၁)

---

## ၂၄-၄-၂၀၂၆ ရက် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကားဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ ဂျုံ၊ စားသုံးကုန်စည်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၃ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၆ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၁,၂၅၆,၁၃၇.၆၀ | ၁၇,၃၀၀,၇၁၃.၆၀ | ၇,၅၄၅,၄၉၄.၁၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

---

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလုဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင် ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့် ငွေများ ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့် ငွေများ ပေးအပ်စဉ်။



အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့် ငွေများ ပေးအပ်စဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက် ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့် ငွေများ ပေးအပ်စဉ်။



အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး ဆေးကုသမှု ခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး ဆေးကုသမှု ခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။



အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဇော ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့် ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် ဆေးကုသမှု ခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့် ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၂၄**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိတပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တန့်ယန်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဧပြီ ၂၄

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှု များ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့် ဆေးကုသရေး အဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံ တိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေး ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တန့်ယန်း မြို့နယ် တုန်ဟုန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ အခြေပြု၍ ကျေးရွာရှိ သံဃာတော်အပါး ၇၀ နှင့် ဒေသခံပြည်သူ ၇၂ ဦးတို့ကို အရေပြားရောဂါ၊ သွေးတိုး ရောဂါ၊ အစာအိမ်ရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန် ရှိသူများက သွားရောက်ကြည့်ရှုအားပေး ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန် တိုင်းဒေသကြီး သုံးခွမြို့နယ် ရဲနွဲ့ကျေးရွာ ရှိ ဒက္ခိဏာရုံကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ များရှိ ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို အရိုး အကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၄

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်း အနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်ထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်ထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်ကို လည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲ ပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆုရရှိသည့် ကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဧပြီ ၂၄

နွေရာသီ ကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အရာရှိကြီးများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစု များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူး နှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေး ကြသည်။ ယင်းနောက် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဒိုင်အဖွဲ့ဝင် များကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ နွေရာသီကျောင်းပိတ်ရက် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို တပ်နယ်အသီးသီးမှ တပ်နယ်အဆင့်ပြိုင်ပွဲ များတွင် ဆုရရှိခဲ့သည့် အထက်တန်း အဆင့် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး စုစုပေါင်း ဦးရေ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်း ရရှိသည်။

(၅၀၁)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမား တို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ချင်းတွင်းမြစ်ရေ နည်းမည်

နေပြည်တော် ဧပြီ ၂၄

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့ တွင် ၉၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ခုနစ်ရက် အတွင်း လက်ရှိရေမှတ်အောက် နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၁၀၀ အောက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဝတ္ထုတိုကဏ္ဍ

# မှန်တာပြော ချမ်းသာပါစေ

မောင်သိန်းနိုင်(လက်ဖက်ရည်)



(၁)

သစ်စိမ့်အိုင် ရွာကလေးသည် မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး၏ တောင်ဘက်အဖျားပိုင်းတွင် တည်ရှိသောကြောင့် မြန်မာ့ပင်လယ်ပြင်နှင့် အလွန်ပင်နီးကပ်သည်။ ထိုရွာကလေးတွင် ခင်ယုဝေတစ်ယောက် ကုန်ခြောက်ဆိုင်ကြီးဖွင့်၍ ဈေးရောင်းနေလေသည်။

"ခင်ယုဝေရေ ကြီးမေကို ဆီငါးဆယ်သား လောက်ချိန်ပေးပါ"

ဆီလာဝယ်သော ဒေါ်သန်းလှအသံကြောင့် ခင်ယုဝေမြို့မှဝယ်လာသော ငါးမုန့်ထုပ်များကို ချိတ်ဖြင့်ချိတ်နေရာမှခဏရပ်ပြီး ထလိုက်သည်။

"ကြီးမေ စားဆီလား၊ ပဲဆီလား"

"ပဲဆီတော့မစားနိုင်ပါဘူး တူမကြီးရယ်၊ စားဆီလေးပဲလုပ်ပါအေ"

"ကြီးမေရယ် စားဆီဈေးနဲ့ပဲဆီဈေးက သိပ်ကွာတော့တာမဟုတ်ပါဘူး။ ပိုက်ဆံလေးနည်းနည်းပိုပေးရတာပဲရှိတာ။ နောက်ပြီး ကျန်းမာရေးလဲညီညွတ်တယ်။ တူမက စေတနာနဲ့ပြောတာပါ"

ခင်ယုဝေသည် ဈေးသည်ဟုခေါ်ရလောက်အောင်ပင် နှုတ်အလွန်ချိုသည်။ ခင်ယုဝေ၏ နှုတ်ခမ်းလွှာပါးပါးလေးကပြောလိုက်သည့်စကားကို ကြားရသူမှန်သမျှ သူ့အလိုလို ဝယ်ချင်စိတ်ပေါက်သွားကြသည်။

"ကဲ... ငါ့တူမကြီးက ညွှန်းနေမှတော့ ပဲဆီသာ ချိန်လိုက်ပါတော့ဟယ်"

ခင်ယုဝေသည် ပဲဆီထည့်ထားသောအိုးအဖုံးကိုဖွင့်၍ ဆီချိန်သော ငါးဆယ်သားခွက်ကို ဆီအိုးထဲသို့နှစ်ကာ ချိန်လိုက်တော့သည်။

"ကြီးမေရေ ဒီမှာ ပဲဆီငါးဆယ်သားရပြီ။ နောက်ဘာယူအုံးမလဲ"

ဒေါ်သန်းလှသည် သူ့တွင်ပါလာသော ပိုက်ဆံကို တစ်ရွက်ချင်းစီရေတွက်၍နေလေသည်။ ပိုက်ဆံအကြွေကလေးများကို ရေတွက်နေသောဒေါ်သန်းလှ၏လက်ဆယ်ချောင်းသည် ထိုငွေအကြွေများဖြင့် အလုပ်ရှုပ်နေတော့သည်။

"ကျုပ်မြေးတွေအတွက် မုန့်ဝယ်ရအုံးမယ်။ ဒီငါးမုန့်တစ်ထုပ် ဘယ်လောက်လဲအေ့"

"ငါးမုန့်တစ်ထုပ်ကို ငွေကျပ် ၇၀၊ ကြီးမေယူမယ်ဆို ၆၀ ပဲပေးလေ"

"၆၀ ကြီးများတောင်လား၊ မများဘူးလားအေ"

ဒေါ်သန်းလှသည် ပိုက်ဆံကိုရေတွက်နေရာမှ သူ၏ရင်ဘတ်ကိုဖိ၍ အံ့ဩသော အမူအရာဖြင့် ပြောလိုက်သည်။

"သြော်... ကြီးမေရယ်၊ ငါးမုန့်တစ်ထုပ်ကို ငွေကျပ် ၆၀ ကတော့ စားပျော်ပါတယ်။ သူများတွေဆို ကျွန်မ ၇၀ ရောင်းတာဝယ်ကြတာပဲ။ တစ်ထုပ်ရောင်းမှ ငါးကျပ်ပဲမြတ်တာ။ ကိုယ့်ကြီးမေကြီးမို့ အရှုံးခံပြီး ရောင်းတာပါ။ ကြီးမေလဲ ကျွန်မအကြောင်းသိနေတာပဲ၊ ပစ္စည်းဈေးနှုန်းအတွက်တော့ ဘာမှမပူပါနဲ့။ ခင်ယုဝေတို့က ကျိန်ဆိုရင်တောင် ကျိန်ပြရဲပါတယ်"

ခင်ယုဝေ၏ အပြောအောက်တွင် ဒေါ်သန်းလှ အရည်ပျော်ကျသွားသည်။ သွေးသားအနည်းငယ်မကင်းသည်ကတစ်ကြောင်း၊ အခြားရွာသွားဝယ်လျှင်လည်း လှေတစ်တန်၊ ကုန်းတစ်တန်ဖြင့် နေပူပြီး ပင်ပန်းသည်ကတစ်ကြောင်းကြောင့် ငါးကျပ်၊ တစ်ဆယ်သာကွာသော ခင်ယုဝေဆိုင်တွင်သာ ငါးမုန့်ဝယ်ရန် ဆုံးဖြတ်လိုက်သည်။

"ယုံပါတယ်အေ၊ ကျုပ်ကို ငါးမုန့်သုံးထုပ်ပေးပါတော့အေ"

(၂)

ထိုနေ့ညတွင် သစ်စိမ့်အိုင်ကျေးရွာ၌ သုံးနှစ်တစ်ကြိမ်ကျင်းပသော ဘုရားပွဲရှိလေသည်။ သုံးနှစ်မှ တစ်ခါတည်းသာ ကျင်းပသည့်ဘုရားပွဲဖြစ်သောကြောင့် မြို့မှနာမည်ကြီးဆိုင်းဝိုင်းအဖွဲ့ကို ပျော်ပွဲရွှင်ပွဲအနေဖြင့် နှစ်စဉ်မပျက်ငှားရမ်းကြသည်။ ထိုဘုရားပွဲဈေးတွင် ဆိုင်းဝိုင်းအဖွဲ့နှင့်အတူပါလာသော ဈေးသည်များအပြင် သစ်စိမ့်အိုင်ကျေးရွာမှ ရွာသူ၊ ရွာသားများနှင့် အခြားရွာသူ၊ ရွာသားများလည်း အပြိုင်အဆိုင်ဈေးရောင်းကြသည်။ ထိုဘုရားပွဲသုံးညတွင် ခင်ယုဝေတစ်ယောက် ဈေးရောင်းချနေတော့သည်။

"တို့ရွာမှာ ခင်ယုဝေတစ်ယောက် ချမ်းသာတာလဲ မပြောနဲ့လေ၊ အလုပ်နဲ့လက်နဲ့ကို ပြတ်တယ်ကို မရှိဘူး"

ပဝါစကို ဦးခေါင်းတွင်ပေါင်း၍ ကွမ်းသီးဖက်ဆေးလိပ်ကြီးမီးရဲခနဲဖြစ်အောင် ဖွာရှိုက်နေသော ဦးခင်တုတ်က ခင်ယုဝေကို ကြည့်၍ပြောလိုက်သည်။

"ဘကြီးတုတ်ရေ အလုပ်ဟူသမျှဂုဏ်ရှိစွတဲ့။ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာလို့ဆိုထားတယ်မဟုတ်လား"

ဦးခင်တုတ်သည် ဆေးပေါ့လိပ်ကြီးကို မီးရဲအောင်ရှိုက်ဖွာပြီး ခင်ယုဝေ၏စကားကို ထောက်ခံသောအနေဖြင့် "ငါ့တူမကြီးပြောတဲ့ စကားကတော့ အမှန်ပဲဟေ့"ဟုပြောလိုက်သည်။

"တူမက ဒုတိယအရွယ်ရောက်နေပြီဆိုတော့ ကျန်းမာရေးကောင်းတုန်း ငွေကိုရှာထားရမယ် ဘကြီးတုတ်ရေ"

"ဘကြီးတုတ် ဆိုင်းပွဲလေးမစခင် အားပေးသွားပါအုံး။ ဒီမနက်ကမှ လတ်လတ်ဆတ်ဆတ်ရထားတဲ့ ငါးရံ့လေးနဲ့ မုန့်ဟင်းရည်ချက်ထားတာ။ အမေ့လက်ရာမမီရင်တောင် အမေ့လက်ရာထက်တော့ မလျော့ပါဘူး"

"မဝေ သမီးကတော့ မဝေ အတိုင်းပဲဟေ့၊ အညွှန်းလဲကောင်း အပြောလဲချိုပ့ါဗျာ"

ခင်ယုဝေ၏အမေ ဒေါ်ဝေကြည်မှာ ခင်ယုဝေကဲ့သို့ပင် ဈေးရောင်းသော သူတစ်ဦးပင်ဖြစ်သည်။ အပြောလည်းချိုသည်။ ခင်ယုဝေသည် ဒေါ်ဝေကြည်၏ အမွေကို ရထားသူဟုပင်ဆိုရပေတော့မည်။

"ဒီလောက်အညွှန်းကောင်းနေမှတော့ ဦးကြီးကို တစ်ပွဲလောက်ထည့်လိုက်ဟေ့။ ဒါနဲ့တစ်ပွဲ ဘယ်လောက်လဲဟေ့"

"တစ်ပွဲမှ ငွေကျပ် ၁၀၀ ထဲပါ ဘကြီးရဲ့"

"ဟဲ့မိဝေ နင့်ဟာက မများလွန်းဘူးလားကွဲ့။ တို့ရွာက မခွေးမတို့ရောင်းတာ တစ်ပွဲမှ ငွေကျပ် ၅၀ ပါကွယ်"

"သြော်... ဦးကြီးရယ် ခက်ပြန်တကော၊ ဒေါ်ခွေးမ လက်ရာနဲ့ ခင်ယုဝေရဲ့လက်ရာ ဘယ်ဟာပိုကောင်းသလဲဆိုတာ စားကြည့်လိုက်ပါအုံး။ တစ်ပွဲ ငွေကျပ် ၁၀၀ ဆိုတာကလဲ ဈေးတင်ပြီးရောင်းရတာ မဟုတ်ပါဘူး ဘကြီးရယ်။ အခုဟာက ဘုရားပွဲမှာ ဈေးရောင်းရတာဆိုတော့ ဆိုင်နေရာခ ဈေးကြီးလို့ပါရှင်။ တစ်ည တစ်ညဆိုင်နေရာခနဲ့ ရင်းထားတဲ့အရင်းအနှီးတောင် သိပ်မကာမိပါဘူး ဘကြီးတုတ်ရယ်"

ခင်ယုဝေသည် မုန့်ဟင်းခါးတစ်ပွဲကို ငွေကျပ် ၁၀၀ ပေးရခြင်းမှာ မများကြောင်း၊ ဆိုင်နေရာခပေးရခြင်းကြောင့်သာ ဈေးအနည်းငယ်တင်ရောင်းခြင်းဖြစ်ကြောင်း ရှင်းပြနေတော့သည်။

"ကဲ... ဈေးမဆစ်တော့ပါဘူးကွယ်။ တစ်ပွဲစားမယ်၊ တစ်ပွဲကို အိမ်ကအမယ်ကြီးအတွက် ထုပ်လိုက်တော့ဟေ့"

(၃)

သစ်စိမ့်အိုင်ကျေးရွာ ဘုရားပွဲသုံးညပြီးသည်နှင့် ရွာသူရွာသားများမှာ ယာလည်းညက်၊ ကြက်လည်းသေ ဟူသည့်စကားအတိုင်း ဖတ်ဖတ်ကိုမေောသွားတော့သည်။

သုံးညလုံးလုံးအိပ်ရေးအပျက်ခံပြီး ဈေးရောင်းသော ခင်ယုဝေသည်လောဘဇောပင်ကြီးလေသလားမသိ သူ၏ကုန်ခြောက်ဆိုင်ကိုဖွင့်၍ ဈေးရောင်းနေပြန်သည်။

"ဖယောင်းတိုင် တစ်ထုပ်ဘယ်လောက်လဲ ဒကာမလေး"

ဒကာမလေးဟု ခေါ်လိုက်သောအသံကြောင့် ခင်ယုဝေအိမ်တိုင်ကိုမှီပြီး ငိုက်နေရာမှ ထလိုက်သည်။

"ဟိုဟို...အဲအဲ"

ခင်ယုဝေသည် အိပ်ငိုက်နေရာမှ လန့်နိုးသလိုဖြစ်သွားသောကြောင့် အိပ်ချင်မူးတူးဖြင့် ဟိုဟိုသည်သည် စကားများပြောမိလိုက်တော့သည်။

"ဒကာမလေး ညကဆိုင်းပွဲကိုက်ပြီထင်တယ်"

ဦးပဉ္စင်းကြီး ဦးပညာဝရသည် ခင်ယုဝေအဖြစ်ကိုကြည့်၍ ပြုံးစစပြုကာ မေးလိုက်သည်။

"မှန်ပါ့ဘုရား၊ ဆိုင်းပွဲကြည့်လို့ ပွဲကိုက်သွားတာမဟုတ်ပါဘူးဘုရား။ ပွဲသုံးညလုံးမအိပ်ဘဲ ဈေးရောင်းနေရလို့ အိပ်ချင်မူးတူးဖြစ်နေတာပါဘုရား"

ခင်ယုဝေသည် ပွဲကြည့်၍ငိုက်နေခြင်းမဟုတ်ဘဲ ဈေးသုံးညရောင်းသဖြင့် ငိုက်နေခြင်းဖြစ်ကြောင်းကို လျှောက်ထားလိုက်သည်။

"အေးကွယ် လူဆိုတဲ့အမျိုးက စီးပွားဥစ္စာတော့ ရှာကိုရှာရမှာပါကွယ်။ ဒါပေမဲ့ ကိုယ်ရှာတဲ့ဥစ္စာပစ္စည်းကို ကိုယ်သေသေချာချာမသုံးစွဲရဘဲ၊ အအိပ်ပျက်၊ အစားပျက်တွေဖြစ်လာပြီး ဆေးတွေကုသရရင် ကိုယ်လဲပန်း၊ စိတ်လဲနွမ်းပြီး အသက်တိုတာပေါ့ကွယ်။ ငယ်တုန်းရွယ်တုန်းမသိသာပေမဲ့ အသက်အရွယ်ရလာရင် အခုလို ပင်ပန်းတဲ့ဒဏ်တွေက ရောဂါတွေကို မွေးမြူသလိုဖြစ်နေမှာစိုးလို့ ဦးပဉ္စင်းကသတိပေးတာပါကွယ်" ဦးပဉ္စင်းကြီး ဦးပညာဝရသည် ခင်ယုဝေ၏အခြေအနေကိုမြင်ရသောကြောင့် အလုပ်၌အလွန်အကျွံမဖြစ်စေရန် သတိပေးလိုက်ခြင်းဖြစ်သည်။

"သြော်... ဒါနဲ့ ဖယောင်းတိုင်နှစ်ထုပ်နဲ့ အမွှေးတိုင် သုံးထုပ်ပေးပါအုံး"

"တင်ပ့ါဘုရား"

ခင်ယုဝေသည် လေးပင်နေသော မျက်ခွံကိုအပေါ်သို့ အတင်းမတင်ကာ ဖယောင်းတိုင်နှင့်အမွှေးတိုင် သွားယူလိုက်တော့သည်။

"ကဲ...ဒကာမလေး ပိုက်ဆံဘယ်လောက်ကျသလဲကွဲ့။ ဦးပဉ္စင်းက ငွေမကိုင်လို့ ကပ္ပိယမောင်ထူးကို လာပို့ခိုင်းလိုက်မယ်နော်"

"တင်ပ့ါဘုရား၊ ရပါတယ်ဘုရား။ ဖယောင်းတိုင်ကော အမွှေးတိုင်ပါပေါင်းမှ ငွေကျပ် ၁၀၀ ပဲကျပါတယ်ဘုရား"

ခင်ယုဝေသည် ဦးပဉ္စင်းကြီး ဦးပညာဝရကို ကျသင့်ငွေ တွက်ချက်ပြလိုက်သည်။

"ဟဲ့ဒကာမလေး အဲဒီလောက်တောင်ကျသလားကွယ်"

"မှန်ပ့ါဘုရား၊ တကယ်တမ်း ရောင်းဈေးအတိုင်းဆိုရင် ငွေကျပ် ၁၀၀ ကျော်လောက်ကျပါတယ်ဘုရား။ ကိုယ့်ရွာက ဦးပဉ္စင်းလဲဖြစ်တော့ တပည့်တော်မ လျှော့ပေးတာပါဘုရား။ ဖယောင်းတိုင်တစ်ထုပ်ဆိုရင်တောင်မှ ဝယ်ဈေးက ငွေကျပ် ၅၀ လောက်ရှိပါတယ်ဘုရား။ အမွှေးတိုင်ဝယ်ဈေးကလဲ ၁၅ ကျပ်လောက်ရှိပါတယ်ဘုရား။ တပည့်တော်မ အလှူသဘော မျိုးလေးလဲဖြစ်တယ် ဆိုပြီး အရင်းဈေးထက်လျှော့ရောင်းတာပါဘုရား"

"အေးပါကွယ် ဦးပဉ္စင်းကတော့ လောကီကိစ္စသိပ်နားမလည်ပါဘူး။ ဒကာမလေးအဆင်ပြေသလိုပေ့ါကွယ်။ ဦးပဉ္စင်းကိုအခုလို ဈေးလျှော့ပြီးလှူပေးလို့ ဦးပဉ္စင်း သာဓုခေါ်ပါတယ်ကွယ်"

"သာဓု...သာဓု...သာဓု"

(၄)

သစ်စိမ့်အိုင်ရွာနှင့် ငါးမိုင်သာသာဝေးသော

စာမျက်နှာ ၂၅ သို့ á

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၅၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၅၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၃၆၇၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၂၃၇၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၈၈၈ ဧက၊ ပုလဲမြို့နယ်တွင် ၂၃၇ ဧက စုစုပေါင်း ၃၅၀၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်း ၃၆၇၃ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၅၀၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် နွေနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၀၇၉ ဧက၊ ကနီမြို့နယ်တွင် ၈၀၃ ဧက၊ ပုလဲမြို့နယ်တွင် ၇၉၁ ဧက စုစုပေါင်း ၃၆၇၃ ဧကဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကန့်ကြီးထောင့်မြို့နယ်တွင် ဒေသထွက် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

**ကန့်ကြီးထောင့် ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဒေသထွက် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကန့်ကြီး ထောင့်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဧပြီလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၃၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက် အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု ကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ စားတော်ပဲတွေက လက်ကျန် ပဲအဟောင်းတွေပါ။ အရောင်းအဝယ် ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိလာတာတွေ့ရပါတယ်။ လက်ရှိဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် အခြားဈေးကွက်တွေကပါ ဝယ်ယူမှုကောင်းလာတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် စနစ်တကျသန့်စင်ပြီး စားတော်ပဲများကို ဝယ်ယူသည့်ဒေသများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

ကျွဲချောင်းရွာတွင် ဘုန်းကြီးပျံပွဲကျင်းပသည်။ စာတတ်ပေတတ် အကျော်အမော်ဆရာတော်ကြီးဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ တပည့်ဒါယကာ၊ ဒါယိကာမများ နောက်ဆုံးအနေဖြင့် လာရောက်ဖူးမြော်ကြသည်။ ဝိနည်းတော်ကို အသက်ထက်ပို၍ စောင့်ထိန်းသော ဆရာတော်ကြီးဖြစ်သောကြောင့် မိမိပျံလွန်တော်မူလျှင် မည်သည့် ပျော်ပွဲရွှင်ပွဲမှမလုပ်ကြရန် တပည့်ဒါယကာ၊ ဒါယိကာမများကို မှာကြားခဲ့သောကြောင့် မည်သူကမျှ ပျော်ပွဲရွှင်ပွဲများမလုပ်ကြပေ။

သို့သော်လည်း စာပေကျမ်းဂန်တစ်ဖက်ကမ်းခတ်တတ်သော ဆရာတော်ကြီးဖြစ်သောကြောင့် ဆရာတော်ကြီးကို လာရောက်ဦးခိုက်ကြသူများမှာ အလွန်များပြားသဖြင့် ဈေးတန်းပင်ဖြစ်၍စည်ကားနေတော့သည်။

"အဒေါ် သနပ်ခါးတုံးတစ်တုံး ဘယ်လောက်လဲရှင်"

လုံမပျိုတစ်ဦးသည် ဆရာတော်ဘုရားကြီးကို မီးသင်္ဂြိုဟ်မှု ပြုလျှင် နံ့သာတုံးအနေဖြင့် လှူဒါန်းရန် သနပ်ခါးတုံးရောင်းသူကို ဈေးမေးလိုက် ခြင်းဖြစ်သည်။

"တစ်တုံးမှ ငွေကျပ် ၅၀၀ ပဲပေးပါကွယ်၊ ဆရာတော်ကြီးကိုပူဇော်ဖို့ မဟုတ်လား"

"ဟုတ်ကဲ့ရှင့်၊ ဒါနဲ့ ဈေးလေးနည်းနည်းလျှော့ပါအုံး"

"စိတ်ချပါတူမကြီးရယ်၊ အဒေါ့်သနပ်ခါးဈေးက ပုံမှန်ဈေးထက် လျှော့ရောင်းပေးတာပါ။ မှန်တာပြော ချမ်းသာပါရစေရဲ့ကွယ်"

သနပ်ခါးတုံးသည်အဒေါ်ကြီးသည် သူ၏သနပ်ခါးတုံးကိုကိုင်၍ လုံမပျိုလေးကို မြှောက်ပြလိုက်သည်။

"ဟော့တော်၊ သနပ်ခါးတုံးရောင်းနေတာ ဘယ်သူများလဲမှတ်တယ် ဒေါ်ကြီး ခင်ယုဝေကိုး"

လုံမပျိုလေးသည် သနပ်ခါးတုံးရောင်းသူကို သိနေသော ကြောင့် မိတ်ဆက်လိုက်သည်။

"ဒါနဲ့ ငါ့တူမလေးကဘယ်သူတုံး"

"သမီးက သစ်စိမ့်အိုင်ရွာက အဘွား ဒေါ်သန်းလှရဲ့မြေးလေ အဒေါ်ရဲ့"

"ရွာကပျောက်သွားကတည်းက အဘွားက အဒေါ်ကြီးကိုမေးမေးနေတာ။ ခင်ယုဝေက စကားပြောရင်လဲချိုတယ်။ ဈေးရောင်းရင်လဲ မှန်မှန်ကန်ကန်ရောင်းတာတဲ့။ ဘာတဲ့အဘွားပြော ပြောနေတာရှိပါသေးတယ်"

လုံမပျိုလေးသည် ခေါင်းကိုကုတ်၍ စဉ်းစားဟန်ပြုလိုက်သည်။ ထို့နောက်-

"သြော် ... သမီးသိပြီ၊ အဒေါ်ကြီးဈေးရောင်းရင်ပြောပြောနေကျလေ၊ ဟို... မှန်တာပြောရင်ချမ်းသာပါရစေရဲ့ဆိုတာလေ"

လုံမပျိုလေး၏ ပြောစကားကို နားထောင်နေရင်း ဒေါ်ခင်ယုဝေသည် ပခုံးပြနေသောသူ၏ အင်္ကျီအနွမ်းလေးကို ဈေးအထပ်ထပ်တက်နေသော လွယ်အိတ်ကလေးဖြင့် ဖုံးဖိထားလိုက်လေတော့သည်။ သူပြောနေကျဖြစ်သော "မှန်တာပြောရင် ချမ်းသာပါရစေ"ဟူသောစကားသည် တကယ်ပင်မှန်ခဲ့ သလားဆိုတာကိုတော့ ခင်ယုဝေသာလျှင် အသိပင် ဖြစ်ပါတော့သည်။

## ကဆုန်လမြတ်

- နွေလက်ကျန် အပူရှိန်ပြေး
  ရာသီအေး ကဆုန်ပါ၊
  မိုးကိုမျှော် သီးနှံမျိုးကိုလ
  စိုက်ပျိုးကြကာ၊
  ကဆုန်လ ရာသီအခါ
  ထူးမြတ်စွာ ပန်းချီဆင့်၊
  ရွက်ဟောင်းကြွေ ရွက်သစ်များက
  ဖွံ့ထွားရန်သင့်။

- ပန်းစံကားသည် လှိုင်လှိုင်ပွင့်
  မွှေးရနံ့တင့် လကဆုန်၊
  နောက်တောင်လေ တိုက်ကာမြူး
  ထူးခြားဖြစ်ပုံ၊
  မိုးစက်လေးက မြေရနံ့ထုံ
  ရာသီကြုံတဲ့ လမြတ်မိုး၊
  ဗောဓိညောင် ရေစင်သွန်းတယ်
  ထွန်းကားကောင်းကျိုး။

- များသူတော် ဒါနပျိုး
  ကမ္ဘည်းထိုး လမြတ်ဆောင်၊
  သဒ္ဓါရှင် အလှူပြုလို့
  သာခုခေါ်အောင်၊
  ကျက်သရေတင့် ဂုဏ်ထည်ရောင်
  ထိန်လင်းပြောင် ဗျာဒိတ်ရ၊
  ဗုဒ္ဓရှင် ဓာတ်ကြောင်းတင့်တယ်
  ဖွားပွင့်စံလ။ ။

ဖြိုးထက်(ရေစကြို)

# သရက်မြို့နယ် ပိဿလိမ်းကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိဿလိမ်းကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ရှိသူများက ပိဿလိမ်းကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ပိဿလိမ်းကျင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၂၈၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၅၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် သိန်း ၁၁၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၆၅၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးမိုးဝင်းထံမှ သိရသည်။ **ဆက်လှ**

# အသက်အန္တရာယ်ကို ခြိမ်းခြောက်သည့် ငှက်ဖျားရောဂါ

ကိုဘုန်း(ထုတ်လုပ်)

ငှက်ဖျားရောဂါသည် သာမန်အဖျားတစ်မျိုးမဟုတ်ဘဲ လူ့အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် ပြင်းထန်သော ကူးစက်ရောဂါတစ်ခုဖြစ်သည်။ အဆိုပါရောဂါသည် အဓိကအားဖြင့် ညစ်ညမ်းသောအစားအစာနှင့် ရေမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ကာ အူလမ်းကြောင်းစနစ်ကို ထိခိုက်စေပြီး သွေးကြောထဲသို့ပျံ့နှံ့ကာ ကိုယ်တွင်းအင်္ဂါအမျိုးမျိုးကို ပျက်စီးစေနိုင်သည်။ အချိန်မီကုသခြင်းမရှိပါက အူပေါက်ခြင်း၊ သွေးဆိပ်တက်ခြင်း၊ ဦးနှောက်အမြေးရောင်ခြင်း စသည့် နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ပေါ်ကာ အသက်အန္တရာယ်ကိုပင် စိုးရိမ်ရသည်။ ထို့ကြောင့် ငှက်ဖျားရောဂါ၏အန္တရာယ်ကို လျစ်လျူမရှုဘဲ ကြိုတင်ကာကွယ်ရေးနှင့် စောစီးစွာကုသရေးတို့သည် အလွန်အရေးကြီးသည်။

ငှက်ဖျားရောဂါ (Malaria ) သည် ခြင်မှရသော ကူးစက်ရောဂါဖြစ် အမေရိကတိုက်၏ နိုင်ငံအချို့၊ အာရှတိုက်နှင့် အာဖရိကတိုက်တို့ပါဝင်သည့် အပူပိုင်းနှင့်အနွေးပိုင်းဒေသများတွင် ငှက်ဖျားရောဂါ ပြန့်ပွားလျက်ရှိသည်။ နှစ်စဉ်နှစ်တိုင်း ငှက်ဖျားရောဂါဖြစ်ပွားမှုသည် သန်း ၃၅၀ မှ သန်း ၅၀၀ နီးပါးမျှရှိပြီး ရောဂါကြောင့် သေဆုံးသူဦးရေမှာ တစ်သန်းမှ သုံးသန်းကြားတွင် ရှိသည်။ သေဆုံးသူအများစုမှာ အာဖရိကတိုက် ဆာဟာရဒေသအတွင်းမှ ကလေးငယ်များ ဖြစ်သည်။ ငှက်ဖျားရောဂါသည် သာမန်အားဖြင့် လူနေမှုဘဝဆင်းရဲခြင်းနှင့်ဆက်နွှယ်လျက်ရှိသည်။ သို့သော်ဆင်းရဲခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု အဟန့်အတားကြောင့်လည်း ရောဂါဖြစ်ပွားတတ်သည်။

**ကမ္ဘာ့ငှက်ဖျားရောဂါနေ့ (World Malaria Day) ဖြစ်ပေါ်လာပုံ**

၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ဦးဆောင်မှုဖြင့် အာဖရိကငှက်ဖျားရောဂါနေ့ (Africa Malaria Day) ကို ကမ္ဘာ့ငှက်ဖျားရောဂါနေ့ (World Malaria Day) အဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ ယခင်က အာဖရိကတိုက်တွင် ငှက်ဖျားရောဂါကြောင့် လူအများအပြား သေဆုံးနေရခြင်းကို သတိပေးရန် ၂၀၀၁ ခုနှစ်မှစ၍ Africa Malaria Day ကို ကျင်းပခဲ့သော်လည်း၊ နောက်ပိုင်းတွင် ငှက်ဖျားရောဂါသည် အာဖရိကသာမက အခြားကမ္ဘာ့နိုင်ငံများတွင်ပါ ပျံ့နှံ့နေသည့်အတွက် ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုအဖြစ် WHO က နှစ်စဉ် ဧပြီ ၂၅ ရက်နေ့ကို "ကမ္ဘာ့ ငှက်ဖျားရောဂါနေ့" (World Malaria Day) အဖြစ် သတ်မှတ်ကာ ကျန်းမာရေးအသိပေးလှုံ့ဆော်မှုများ စဉ်ဆက်မပြတ်ပြုလုပ်ရန် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

**ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကူအညီဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနကို ၁၉၅၃ ခုနှစ်က စတင်တည်ထောင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေ ၁၀၀၀၀၀ လျှင် ငှက်ဖျားရောဂါကြောင့် သေဆုံးသူ ၁၀ ဦးခန့်ရှိခဲ့ရာမှ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံး၌ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သဖြင့် ရောဂါကြောင့် သေဆုံးသူဦးရေသည် သိသိသာသာကျဆင်းခဲ့သည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ငှက်ဖျားရောဂါ ဖြစ်ပွားသူဦးရေ လေးသိန်းကျော်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ရောဂါဖြစ်ပွားမှုလျော့ကျသွားပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လထိ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ တစ်သိန်းကျော်သာရှိတော့သည်။ ၎င်းကာလနောက်ပိုင်းတွင် ရောဂါဖြစ်ပွားမှုနှုန်းများလည်း ကျဆင်းလာပြီဖြစ်ပါသည်။ သို့သော် ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအတွင်း ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။



ငှက်ဖျားရောဂါအမျိုးအစားများအနက် ပလတ်စမိုဒီယမ်ဖယ်ဆီပါရမ်နှင့် ပလတ်စမိုဒီယမ်ဗိုင်းဗတ်စ် နှစ်မျိုးသည် မြန်မာနိုင်ငံ၌ ဒုက္ခပေးလျက်ရှိသည်။ ထိုရောဂါကို အနောဖလိခြင်က သယ်ဆောင်ဖြန့်ဖြူးသည်။ ၎င်းခြင်သည် ရေသန့်ရေရှင်ရှိရာဒေသတွင်လည်းကောင်း၊ တောတောင်၊ စိမ့်စမ်းဒေသရှိ မြက်ပင်၊ ဖေဒါပင် စသည်တို့ရှိသော ရေစပ်များတွင်လည်းကောင်း၊ ချောင်းငယ်၊ မြောင်းငယ်များတွင်လည်းကောင်း ပေါက်ဖွားသည်။ ထို့ကြောင့် ငှက်ဖျားရောဂါသည် တောတောင်ဒေသနှင့် ဆက်စပ်လျက်ရှိသည်။ အထူးသဖြင့် မိုးဦးကျအချိန်နှင့် မိုးကုန်ခါနီးများတွင် ခြင်များပို၍ ပေါက်ဖွားသည်။ ထို့ကြောင့် ၎င်းကာလ၌ ငှက်ဖျားဖြစ်ပွားသူပေါများရခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို နည်းမျိုးစုံဖြင့် သုတေသနပြုနေကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆေးသုတေသနဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ငှက်ဖျားရောဂါအတွက် အထူးကြိုးစား သုတေသနပြုလျက်ရှိကြပါသည်။ ယခုအခါ၌ ပဲခူးရိုးမတောင်ခြေတွင် လူနှင့်ခြင်တို့၏ စရိုက်ဓလေ့ကို လေ့လာခြင်း၊ သာယာဝတီ၊ တောင်ကြီး၊ မန္တလေးစသည့်မြို့တို့၏ ဆေးရုံကြီးများ၌ ငှက်ဖျားရောဂါကု ဆေးဝါးသစ်များ စမ်းသပ်ဖော်ထုတ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အပြင်းထန်ဆုံး ငှက်ဖျားရောဂါသည် ပလတ်စမိုဒီယမ်ဖယ်ပါရမ်ကြောင့် ဖြစ်ပွားသည်။ ပလတ်စမိုဒီယမ်ဗိုင်းဗတ်စ်၊ ပလတ်စမိုဒီယမ်အိုဗေးနှင့် ပလတ်စမိုဒီယမ်မလေးရီးယေးတို့သည် လူတွင် ငှက်ဖျားရောဂါအပျော့စား ဖြစ်စေနိုင်သော်လည်း လူကိုသေစေလောက်သည်ထိ မဖြစ်နိုင်ပါ။ ပလတ်စမိုဒီယမ်နိုလက်ဆီမျိုးစိတ်သည် တိရစ္ဆာန်မှ လူသို့ကူးစက်သည့် မျိုးစိတ်ဖြစ်ရာ မျောက်များတွင် ငှက်ဖျားရောဂါဖြစ်စေပြီး လူသို့ပါ ရောဂါကူးစက်နိုင်သည်။ ငှက်ဖျားရောဂါသည် သဘာဝအားဖြင့် အနောဖလိခြင်မ ကိုက်၍ ရောဂါရရှိခြင်းဖြစ်သည်။ ငှက်ဖျားရောဂါရှိသူကို ခြင်ကိုက်သည့်အခါ ခြင်စုပ်ယူလိုက်သည့်သွေးပမာဏအနည်းငယ်တွင် ငှက်ဖျားကပ်ပါးပိုးပါရှိသွားသည်။ ထိုရောဂါပိုးသည် ခြင်ထဲတွင် ဆက်လက်ကြီးထွားနေပြီး၊ နောက်တစ်ပတ်အကြာ သွေးဆာ၍ အခြားရောဂါမရှိသူအားကိုက်လိုက်သည့်အခါ ခြင်၏တံတွေးမှ တစ်ဆင့် ရောဂါပိုးဝင်ရောက်သွားသည်။ အဆိုပါရောဂါပိုးသည် နှစ်ပတ်မှ လပေါင်းများစွာ ကြာသည့်အထိ လူ၏အသည်းတွင် နေထိုင်ပြီးနောက် ငှက်ဖျားရောဂါ ကပ်ပါးပိုးသည် လူ၏သွေးနီဥများအတွင်းတွင် စတင်၍ အကောင်ရေပွားများလာသည်။ ထိုသို့ပွားများ လာခြင်းကြောင့် ဖျားနာခြင်းနှင့် ခေါင်းကိုက်ခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်လာသည်။ ရောဂါပြင်းထန်သည့်အခါတွင် အခြေအနေဆိုးဝါးလာပြီး မေ့မြောခြင်းနှင့် သေဆုံးသည်ထိ ဖြစ်လာနိုင်သည်။

**ငှက်ဖျားရောဂါ၏အဓိကလက္ခဏာများ**

ငှက်ဖျားရောဂါ၏ အဓိကလက္ခဏာများမှာ ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ အရိုးအဆစ်နာခြင်း၊ အော့အန်ခြင်း၊ သွေးအားနည်း၊ ဆီးမှ တစ်ဆင့် ဟေမိုဂလိုဘင်များစွန့်ထုတ်ခြင်း၊ မျက်ကြည်လွှာပျက်စီးခြင်းနှင့် အကြောဆွဲတက်ခြင်း စသည်တို့ဖြစ်သည်။ ငှက်ဖျားရောဂါ၏ ထူးခြားထင်ရှားသည့် လက္ခဏာတစ်ရပ်သည် ရုတ်တရက် ချမ်းလိုက်၊ တုန်လိုက်၊ ဖျားလိုက်၊ ချွေးထွက်လိုက် တစ်ခုပြီးနောက် တစ်ခုဖြစ်သည်မှာ လေးနာရီမှ ခြောက်နာရီထိ ကြာမြင့်တတ်ပြီး အဖန်ဖန်လည်ပတ်ပြီး ဖြစ်နေတတ်သည်။ ထိုသို့ ဖြစ်သည်မှာ ပလတ်စမိုဒီယမ်ဗိုင်းဗတ်စ်နှင့် ပလပ်စမိုဒီယမ်အိုဗေးတို့ကြောင့် ဖြစ်ပွားသော ငှက်ဖျားရောဂါတွင် နှစ်ရက်ခြားနှင့် ပလတ်စမိုဒီယမ် မလေးရီးယေးကြောင့်ဖြစ်ပွားသော ငှက်ဖျားရောဂါတွင် သုံးရက်ခြားတို့တွင် ပြန်လည်ဖြစ်တတ်သည်။ ပလတ်စမိုဒီယမ်ဖယ်ဆီပါရမ်ကြောင့် ဖြစ်ပွားသော ငှက်ဖျားရောဂါသည် ၃၆ မှ ၄၈ နာရီကြာတိုင်း ပြန်ဖြစ်သည်။ သို့သော် သိသာခြင်းမရှိဘဲ အမြဲတမ်းဆက်ပြီး ဖျားနေတတ်သည်။ ငှက်ဖျား ရောဂါရသည့်ကလေးသည် မကြာခဏဆိုသလို ပုံမှန်မဟုတ်သည့် ကိုယ်နေကိုယ်ဟန်ထား ဖြစ်နေသည်မှာ ဦးနှောက်တွင် အပြင်းအထန်ထိခိုက်ခြင်း လက္ခဏာတစ်ခုဖြစ်ပြီး ဦးနှောက်သို့ ငှက်ဖျားရောဂါပိုး ဝင်ရောက်သည့်အတွက် ဖြစ်ပေါ်လာသည့် အာရုံကြောပျက်စီးမှုသည် ကလေးသူငယ်များတွင် ပို၍စိုးရိမ်ရသည်။ ဦးနှောက်ငှက်ဖျားရောဂါသည် မျက်ကြည်လွှာဖြူဖွေးနေခြင်းနှင့် ဆက်နွှယ်နေပြီး ၎င်းသည် အခြားသော ဖျားနာခြင်းများနှင့် ထင်ရှားစွာခွဲခြားနိုင်သည်။ ငှက်ဖျားရောဂါကြောင့် သရက်ရွက်ကြီးခြင်း၊ ပြင်းပြင်းထန်ထန် ခေါင်းကိုက်ခြင်း၊ ဦးနှောက်သို့ သွေးမရောက်ခြင်း၊ အသည်းကြီးခြင်း၊ သွေးတွင်း အချိုဓာတ်နည်းခြင်းနှင့် ကျောက်ကပ်ပျက်စီးပြီး ဟေမိုဂလိုဘင်များ ဆီးနှင့်အတူ စွန့်ပစ်ခြင်းတို့ဖြစ်လာနိုင်သည်။ ကျောက်ကပ်ပျက်စီးသည့်အခါ ဆီးအမည်းရောင်သွားခြင်း ဖြစ်လာသည်။ ထိုသို့ဖြစ်ရခြင်းမှာ သွေးနီဥများပြိုကွဲ၍ ထွက်ပေါ်လာသည့် ဟေမိုဂလိုဘင်များသည် ဆီးအတွင်းသို့ ယိုစိမ့်ဝင်သွားခြင်းကြောင့်ဖြစ်သည်။ အပြင်းစား ငှက်ဖျားရောဂါသည် လျင်မြန်စွာဖြစ်လာပြီး နာရီပိုင်း သို့မဟုတ် ရက်ပိုင်း အတွင်း သေဆုံးသည်ထိ ဖြစ်သည်။ ငှက်ဖျားရောဂါဖြစ်ပါက ဆေးမကုသဘဲ ထားခဲ့လျှင် ဆိုးရွားပြင်းထန် သော ငှက်ဖျားရောဂါ နောက်ဆက်တွဲအနေဖြင့် မေ့မြောခြင်းနှင့် သေဆုံးသည်ထိ ဖြစ်နိုင်သည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ပိုမိုစိုးရိမ်ရသည်။ ထို့ပြင် အပြင်းစားငှက်ဖျားရောဂါခံစားရသည့် ကလေးသူငယ်များတွင် ဖွံ့ဖြိုးတိုးတက်မှု အဟန့်အတားများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။

ငှက်ဖျားရောဂါသည် လျစ်လျူမရှုသင့်သော ပြင်းထန်သည့် ကျန်းမာရေးခြိမ်းခြောက်မှု တစ်ခုဖြစ်သည်။ ၎င်း၏ ကူးစက်နှုန်းမြန်ခြင်း၊ နောက်ဆက်တွဲဆိုးကျိုးများစိုးရိမ်ရခြင်းနှင့် အချိန်မီမကုသပါက အသက်အန္တရာယ်ထိ ဖြစ်စေနိုင်ခြင်းတို့ကြောင့် ငှက်ဖျားရောဂါကို အထူးသတိပြုရန် လိုအပ်ပါသည်။ ရောဂါလက္ခဏာများ စောစီးစွာ သိရှိပါက ဆရာဝန်နှင့် ချက်ချင်းပြသခြင်းသည် အလွန်အရေးကြီးသည်။ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် ငှက်ဖျားရောဂါအကြောင်း လုံလောက်စွာ နားလည်ပြီး ကြိုတင်ကာကွယ်ရေး အလေ့အထများကို နေ့စဉ်ဘဝတွင် ကျင့်သုံးရန်မှာ အရေးကြီးပါကြောင်း အကြံပြုတိုက်တွန်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

**- https://www.who.int/**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၂၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၂၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် စပါးဧက ၄၃၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၆၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်အတွင်း ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၄၃၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၂၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# စေတုတ္တရာမြို့နယ် ဆားတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆားတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆားတွင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆားတွင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ်၂၉ ဒသမ ၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၇ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်ထံမှ သိရသည်။

ကိုညို

# ပြည်မြို့နယ် မိန်းမရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြည် ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိန်းမရဲကျေးရွာ၌ ၁၃ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မိန်းမရဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၄ ဦးကို ငွေကျပ် ၃၂ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၁၆ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်ထံမှ သိရသည်။

ချိုလေး

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လထဲမှာ မော်လမြိုင်ကျွန်း မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအနု ပိဿာချိန် အများအပြားတင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေအမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့အားများခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနုတစ်ပိဿာကို ငွေကျပ် ၁၇၀၀၀ ထိ ဈေးပေါက်နေပါတယ်။ လက်ရှိကွမ်းသီးအနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

# ဘားအံမြို့နယ် ခလောက်နိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**ဘားအံ ဧပြီ ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ခလောက်နိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ လုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ခလောက်နိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် ကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးမည် ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းထံမှ သိရသည်။

ကိုသက်



# အမေရိကန်နိုင်ငံ ဘရန့်ဒ်လေကောင်တီတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ



**ဝါရှင်တန် ဧပြီ ၂၄**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဘရန့်ဒ်လေကောင်တီတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ဂျော်ဂျီယာပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ဧပြီ ၂၃ ရက်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မိုးလေဝသအခြေအနေကြောင့် အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ဂျော်ဂျီယာပြည်နယ် အရှေ့တောင်ဘက်ပိုင်း ကမ်းခြေဒေသများတွင် အဓိကဖြစ်ပေါ်နေပြီး တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် အချိန်ယူရမည် ဖြစ်သလို မီးသတ်တပ်ဖွဲ့ဝင် အင်အားများလည်း တိုးမြှင့်သွားရန် စီစဉ်နေကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၅၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

"တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် လူနေအိမ် ၅၀ ကျော်ထိ ပျက်စီးခဲ့တယ်။ တောမီးကြောင့် သစ်တောမြေဧက ၅၀၀ ကျော် ပျက်စီးခဲ့ပါတယ်။ အန္တရာယ်ရှိတဲ့ တောမီးလောင်ကျွမ်းမှုဖြစ်ပေမဲ့ ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်နိုင်ခဲ့တဲ့အတွက် သေဆုံးသူ မရှိခဲ့သလို ထိခိုက်ဒဏ်ရာရရှိသူလည်း မရှိခဲ့ပါဘူး"ဟု ဘရန့်ဒ်လေကောင်တီ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျိုးကာဆင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဂရိနိုင်ငံ ခရိကျွန်းတွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့သဖြင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့

**အေသင် ဧပြီ ၂၄**

ဂရိနိုင်ငံ၏ အရှေ့တောင်ဘက်ရှိ ခရိကျွန်းတွင် ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သဖြင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ငလျင်သည် ယနေ့နံနက် ၃ နာရီ ၁၈ မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်ဗဟိုချက်သည် မြေအောက်အနက် ၁၀ ကီလိုမီတာခန့်တွင်တည်ရှိပြီး မြောက်လတ္တီတွဒ် ၃၄ ဒသမ ၈၂ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၂၅ ဒသမ ၉၇ ဒီဂရီ အနီးတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်ဗဟိုပြုလှုပ်ခတ်ရာသည် မြေအောက်အနက် တိမ်သဖြင့် ခရိကျွန်းနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် တုန်ခါမှုကို သိသိသာသာ ခံစားခဲ့ရကြောင်း၊ လက်ရှိအချိန်ထိ လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု အကြောင်း သတင်းထုတ်ပြန်ချက်များမရရှိသေးသော်လည်း ဒေသခံအာဏာပိုင်များက စစ်ဆေးလျက်ရှိကြောင်း၊ နောက်ဆက်တွဲငလျင်များ ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများကို လုံခြုံရေးသတိထားကြရန် သတိပေးထားသည်။

လက်ရှိတွင် ဒေသဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကိုလည်း ပြင်ဆင်ထားပြီး လိုအပ်ပါက ချက်ချင်းကူညီနိုင်ရန် စောင့်ကြည့်နေကြောင်း သိရသည်။

ဂရိနိုင်ငံသည် ငလျင်လှုပ်ခတ်လေ့ရှိသည့် မက်ဒီတာရေးနီးယန်းဒေသတွင် တည်ရှိသဖြင့် ငလျင်လှုပ်ရှားမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိကြောင်း၊ အထူးသဖြင့် ခရိကျွန်းသည် အာဖရိကန်တက်ကတိုနစ်ပြားနှင့် ယူရေးရှားကျောက်ဖျာတို့ ထိစပ်နေသော ဒေသအနီးတွင် ရှိသောကြောင့် အလယ်အလတ်မှ ပြင်းထန်သော ငလျင်များဖြစ်ပွားနိုင်သည့် နေရာတစ်ခုအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး လူခြောက်ဦး သေဆုံးခဲ့

**ကဘူးလ် ဧပြီ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ဧပြီ ၂၃ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီး လူခြောက်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းရှိ ဘက်ဂစ်ရှ်ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့အကြီးအကဲ မော်လဝီက ဧပြီ ၂၃ ရက် ညပိုင်းတွင် မိုးစတင်ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ လူသေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုများကြောင့် ဧပြီ ၂၃ ရက်တွင် ပြည်နယ်အတွင်း ကလေးသုံးဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း လူငါးဦး သေဆုံးခဲ့ပြီး



ရေကြီးမှုကြောင့် လူနေအိမ်များနှင့် စိုက်ပျိုးမြေများကို ပျက်စီးစေခဲ့ကြောင်း၊ ထို့ပြင် မြောက်ပိုင်းရှိ ဆာမန်ဂန်ပြည်နယ်၊ ဒါရာမီပါရင်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ယနေ့တွင်ရေကြီးရေလျှံမှုအတွင်း လူတစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

မြောက်ပိုင်း ဖာရက်ပြည်နယ်၏ အချို့ဒေသများတွင်လည်း ရေကြီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနိုင်သဖြင့် သတိပြုနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ပေါ်တူဂီနိုင်ငံတွင် တောမီးလောင်ကျွမ်းနေပြီး ယခုနှစ်တွင် ယခင်နှစ်ကထက် တောမီးလောင်ကျွမ်းမှု နှစ်ဆမြင့်တက်နေ

**လစ္စဘွန်း ဧပြီ ၂၄**

ပေါ်တူဂီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး ယခုနှစ် တောမီးရာသီအဖြစ် သတ်မှတ် ကြေညာခဲ့ပြီးနောက် တောမီး လောင်ကျွမ်းမှုနှုန်းမှာ ယခင်နှစ်ကထက် နှစ်ဆမြင့်တက်နေကြောင်း ပေါ်တူဂီ National Republican Guard က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်ဆက်လက်မြင့်တက်နေဆဲ ဖြစ်သည့်အတွက်ကြောင့် တောမီး လောင်ကျွမ်းမှုနှုန်းမှာ ထပ်မံ မြင့်တက်လာနိုင်ကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် နေရာပေါင်း ၁၆၆၅ နေရာထိ ရှိခဲ့ပြီး သစ်တောမြေ ၁၈၉၆၅ ဧကထိ လောင်ကျွမ်းပျက်စီးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အတွင်း တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့သည့်နေရာပေါင်း ၅၉၇ နေရာရှိခဲ့ပြီး သစ်တောမြေ ၇၄၄၆ ဧကထိ ပျက်စီးခဲ့ကြောင်း National Republican Guard က ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု ပြောင်းလဲမှုတွေက မြန်ဆန်နေပါတယ်။ အခုနှစ်အတွင်းမှာ အပူချိန်တွေ တောက်လျှောက် မြင့်တက်နေတယ်။ နှစ်ဦးပိုင်းကနေ စတင်ပြီးတော့ အပူချိန် မြင့်တက်မှုကြောင့် တောမီး လောင်ကျွမ်းမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့တယ်။ ၂၀၂၅ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၂၀၂၆ ခုနှစ်က တောမီးလောင်ကျွမ်းမှု နှစ်ဆမြင့်တက်နေပါတယ်"ဟု National Republican Guard မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ကရာချိအပါအဝင် ဒေသအများစု၌ အပူချိန်မြင့်တက်နေ

**အစ္စလာမ်မာဘတ် ဧပြီ ၂၄**

ပါကစ္စတန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ကရာချိမြို့အပါအဝင် ဒေသအများစု၌ အပူချိန်မြင့်တက်နေကြောင်း National Disaster Management Authority (NDMA) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မြင့်တက်မှုသည် မေလ ၅ ရက်ထိ ကြာမြင့်သွားနိုင်ပြီး စံချိန်တင် အပူချိန်မြင့်တက်နိုင်သည့်အတွက် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်နိုင်ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့် ပတ်သက်ပြီး ကြိုတင်သတိပေးချက်များ ထုတ်ပြန်နိုင်ခြင်း မရှိသည့်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှီဘာက်ဇ်က သတိပေးခဲ့သည်။

"ဧပြီ ၂၂ ရက်က စတင်ပြီးတော့ အပူချိန်တွေ မြင့်တက်နေပါတယ်။ အပူချိန် စတင်မြင့်တက်ချိန်မှာ ၃၂ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့တယ်။ အပူချိန်မြင့်တက်လာမှုနဲ့ ပတ်သက်ပြီး ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိပါဘူး။ ကြိုတင်သတိပေးစနစ်တွေ အလုပ်မလုပ်ခဲ့တဲ့အတွက် ကြိုတင်သတိပေးချက်တွေ မထုတ်ပြန်နိုင်ခဲ့ဘူး။ ဝန်ကြီးချုပ်ကတော့ သက်ဆိုင်ရာကို စုံစမ်းစစ်ဆေးမှုတွေပြုလုပ်နေပါတယ်"ဟု National Disaster Management Authority (NDMA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှု ကျိုးပေါက်ခဲ့ပြီး အပူလျှပ်သည့် ရောဂါဝေဒနာသည်များ၊ ရေဓာတ်ခန်းခြောက်သူများနှင့် အခြားသော အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်းလည်း သိရသည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ ဗီလာရီးရဲလ်အသင်း၊ အေစီမီလန်အသင်း၊ မာဆေးအသင်းတို့ကို ရွေးချယ်ရမှာပါ

M L




တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ လက်ရှိမှာ အသင်းကြီးတွေဟာ ဆုဖလားရဖို့နဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ရည်မှန်းချက်ထားကြိုးပမ်းနေတာကြောင့် အိမ်ကွင်းပွဲစဉ်တွေမှာ ရာနှုန်းပြည့်နိုင်ပွဲရှာနိုင်တာကိုတွေ့ရမှာပါ။ ၂၀၂၅-၂၀၂၆ ဥရောပဘောလုံးရာသီ ကုန်ဆုံးဖို့နီးကပ်လာတာနဲ့ အသင်းတိုင်းက ရည်မှန်းချက်ကိုယ်စီနဲ့ သတိထားကစားနေတာကြောင့် ပြိုင်ပွဲတိုင်းကအကြိတ်အနယ်ရှိလာပြီး ဒဏ်ရာရကစားသမားများပြားလာတာကိုလဲသတိပြုရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာတော့ ဒဏ်ရာရကစားသမားကင်းစင်ပြီး အိမ်ကွင်းအားသာချက်နဲ့ အသင်းလိုက်စုဖွဲ့မှုကောင်းနေတဲ့အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

**ဗီလာရီးရဲလ်အသင်းနိုင်ပွဲရမှာပါ**

တနင်္ဂနွေနေ့ညကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဗီလာရီးရဲလ်အသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ ဗီလာရီးရဲလ်အသင်းက ဆဲလ်တာဗီဂိုအသင်းအိမ်ကွင်းမှာ ကစားရပေမဲ့ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုတွေနဲ့ ပြိုင်ဘက်ကို ဦးဆောင်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့တာကြောင့် ရမှတ် ၆၂ မှတ်နဲ့ အဆင့် (၃)မှာ ရပ်တည်နေပါတယ်။ အခုပွဲစဉ်မှာ နိုင်ပွဲရှာနိုင်မှအဆင့် (၃ ) မှာ ရပ်တည်နိုင်မှာဖြစ်လို့ နည်းပြဂီရာလက်စ်ဟာအခုပွဲစဉ်ကို တိုက်စစ်ပိုင်းအသားပေးကစားလာမှာသေချာပါတယ်။ လက်ရှိတိုက်စစ်ပိုင်းမှာတော့ ပီကာအူတာဇီက သွင်းဂိုးကိုးဂိုး၊ မိုရီနိုက သွင်းဂိုးရှစ်ဂိုးနဲ့ သွင်းဂိုးအများဆုံးနဲ့ရပ်တည်နေပြီး ဘူချာနန်၊ ပီပီတို့ကလဲ တိုက်စစ်ပိုင်းမှာ အဆုံးအဖြတ်ဂိုးတွေသွင်းယူနေတာဖြစ်ပါတယ်။ ဗီလာရီးရဲလ်ဟာ အမှတ်ပေးပွဲနောက်ဆုံးအိမ်ကွင်းငါးပွဲမှာ ရီးရဲလ်မက်ဒရစ်ကိုသာ ရှုံးခဲ့ပြီး ကျန်အသင်းတွေကို နိုင်ပွဲရထားတာကြောင့် အခုပွဲမှာ ဆဲလ်တာဗီဂိုလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကို ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

ဆဲလ်တာဗီဂိုအသင်းဟာ ရာသီအစပိုင်းမှာ အသင်းလိုက်ကစားပုံကောင်းခဲ့ပေမဲ့ မတ်လက ကစားခဲ့တဲ့ရီးရဲလ်မက်ဒရစ်နဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံပြီးနောက်ပိုင်း အမှတ်ပေးပွဲမှာ နိုင်ပွဲရဖို့ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း သူတို့အသင်းဟာ ဗလင်စီယာတစ်သင်းကိုသာနိုင်ပွဲရခဲ့ပြီး အလာဗက်၊ အိုဗီဒိုတို့လို အသင်းငယ်တွေကိုလဲ ရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ခံစစ်ပိုင်းက ပေးဂိုးများခဲ့တာကိုကြည့်ရင် သူတို့အသင်းတိုက်စစ်ဖွင့်ကစားခဲ့ပြီး ပြိုင်ဘက်ရဲ့ တန်ပြန်တိုက်စစ်ကိုထိန်းချုပ်နိုင်ခြင်းမရှိဘူးလို့ဆိုရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ၃၂ ပွဲအပြီးမှာ ၁၁ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ ၁၀ ပွဲရှုံးနဲ့ ရမှတ် ၄၄ မှတ်ရခဲ့ပြီး အဆင့် (၇) နေရာမှာရောက်နေလို့ ဥရောပဝင်ခွင့် မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိအသင်းလိုက်ကစားပုံနဲ့ တိုက်စစ်ကစားအားကျဆင်းနေတာကြောင့် ဗီလာရီးရဲလ်အသင်းလို အသင်းလိုက် ကစားပုံကောင်းပြီး စုဖွဲ့မှုအားသာနေတဲ့အသင်းကို ဆဲလ်တာဗီဂိုအသင်း ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်လို့ ဗီလာရီးရဲလ်အသင်းပဲနိုင်ပွဲရမှာပါ။

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၁ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၃ | - | ၁ | ဆိုစီဒက် |
| ဂျီရိုနာ | ၁ | - | ၀ | ဗီလာရီးရဲလ် |
| ဘီလ်ဘာအို | ၁ | - | ၂ | ဗီလာရီးရဲလ် |
| အိုဗီဒို | ၁ | - | ၁ | ဗီလာရီးရဲလ် |

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၂ | - | ၃ | ဆဲလ်တာဗီဂို |
| ဖရိုင်းဘတ် | ၃ | - | ၀ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၀ | - | ၃ | အိုဗီဒို |
| ဆဲလ်တာဗီဂို | ၁ | - | ၃ | ဖရိုင်းဘတ် |
| ဘာစီလိုနာ | ၁ | - | ၀ | ဆဲလ်တာဗီဂို |

**အေစီမီလန်အသင်းကို ရွေးရမှာပါ**

စီးရီးအေပွဲစဉ် (၃၄) မှာအကြိုက်တွေ့တာကတော့ အေစီမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ ပွဲစဉ် (၃၃) အပြီးမှာ ရမှတ် ၆၆ မှတ်ရခဲ့လို့ အဆင့် (၂) မှာ ရပ်တည်နေပေမဲ့ အဆင့် (၁) က အင်တာမီလန်နဲ့ ရမှတ် ၁၂ မှတ်ကွာဟနေတာကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့ ခက်ခဲသွားတာကိုတွေ့ရမှာပါ။ ဒ့ါပြင် အဆင့် (၃) က နာပိုလီနဲ့ ရမှတ်တူ၊ အဆင့် (၄) က ဂျူဗင်တပ်နဲ့ ရမှတ်သုံးမှတ်သာကွာဟတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် သေချာဖို့နဲ့ အမှတ်ပေးဇယားကမဆင်းရဖို့ အခုပွဲကို ရမှတ်ရှာဖွေနိုင်မှဖြစ်မှာပါ။ အေစီမီလန်အသင်းဟာ ဂျူဗင်တပ်အသင်းနဲ့ ပထမအကျော့အဝေးကွင်းပွဲစဉ်မှာလဲ ပြိုင်ဘက်ကိုပွဲချိန်ပြည့်ထိန်းချုပ်နိုင်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ပူလီဆစ် ပင်နယ်တီလွဲခဲ့တာကြောင့် ရမှတ်ခွဲယူလိုက်ရတာဖြစ်ပါတယ်။ အေစီမီလန်အသင်းတိုက်စစ်ပိုင်းက ငါးပွဲမှာ လေးဂိုးသာသွင်းယူနိုင်ခဲ့ပေမဲ့ ကွင်းလယ်ပိုင်းမှာ မိုဒရစ်၊ ရာဘီယို့စ်၊ တိုက်စစ်မှာ လီအို၊ပူလီဆစ်တို့ အတွဲအချိတ်အဆက်မိနေတာကြောင့် အခုပွဲမှာ ဂျူဗင်တပ်အသင်းကို ထိန်းချုပ်နိုင်မှာ သေချာပါတယ်။

ဂျူဗင်တပ်အသင်းဟာ အခုရာသီမှာခြေစွမ်းပိုင်း အတက်အကျမြန်နေတာကြောင့် ချန်ပီယံဆုကို စိန်ခေါ်ခွင့်ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဒုတိယရာသီအစမှာပုံစံကောင်းရခဲ့ပေမဲ့ ဖေဖော်ဝါရီလက ကစားခဲ့တဲ့ပွဲတွေမှာရလဒ်ကျဆင်းသွားခဲ့ပြီး မတ်လကစလို့ခြေစွမ်းပိုင်းပြန်လည်တိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာ တစ်ပွဲသရေ၊ လေးပွဲနိုင်ခဲ့ပြီး တိုက်စစ်ကသွင်းဂိုးခုနစ်ဂိုးနဲ့ ခံစစ်ကပေးဂိုးတစ်ဂိုးသာရှိခဲ့တဲ့ခြေစွမ်းပိုင်းက အားရစရာဖြစ်နေပါတယ်။ သူတို့အသင်းဟာ အခုရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ဂါလာတာစာရေးအသင်းကိုအရေးနိမ့်ခဲ့ပြီး ပြိုင်ပွဲကထွက်ခဲ့ရသလို ကိုပါအီတာလီယာဖလားပွဲမှာလဲ အတ္တလန်တာကို အရေးနိမ့်ခဲ့လို့ ပြိုင်ပွဲကထွက်ခဲ့ရတာကြောင့် အခုရာသီမှာလဲ ဆုဖလားလက်မဲ့နဲ့အဆုံးသတ်ရမှာဖြစ်ပါတယ်။ လက်ရှိမှာ အမှတ်ပေးပြိုင်ပွဲကိုသာအာရုံစိုက်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးပမ်းနေရပေမဲ့ အေစီမီလန်အသင်းနဲ့ ပွဲကျပ်ကစားရမှာပါ။ အခုပွဲစဉ်ဟာ သူတို့နှစ်သင်း ကစားသမားစုဖွဲ့မှု တူညီနေသလို နည်းပြနှစ်ယောက်ရဲ့အတွေ့အကြုံပိုင်းကလဲ တူညီနေတာကြောင့် အိမ်ရှင်အားသာချက်နဲ့ အသင်းလိုက်ကစားအားကောင်းတဲ့ အေစီမီလန်ကိုပဲရွေးရမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၁ | - | ၀ | အေစီမီလန် |
| အေစီမီလန် | ၃ | - | ၂ | တိုရီနို |
| နာပိုလီ | ၁ | - | ၀ | အေစီမီလန် |
| အေစီမီလန် | ၀ | - | ၂ | အူဒီးနီးစ် |
| ဗီရိုနာ | ၀ | - | ၁ | အေစီမီလန် |

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၀ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ | - | ၁ | ဆက်ဆူအိုလို |
| ဂျူဗင်တပ် | ၂ | - | ၀ | ဂျီနိုအာ |
| အတ္တလန်တာ | ၀ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၀ | ဘိုလော့နာ |

**မာဆေးအသင်းနဲ့လက်တွဲရမှာပါ**

ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲမှာ အကြိုက်တွေ့တဲ့ပွဲစဉ်ကတော့ မာဆေးအသင်းနဲ့ နိုက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မာဆေးအသင်းဟာ ဘောလုံးရာသီအစမှာ ချန်ပီယံဆုဖလားရနိုင်ဖို့ မျှော်လင့်ချက်တွေရှိခဲ့ပေမဲ့ နောက်ပိုင်းမှာ အဓိကကစားသမားတွေဖြစ်တဲ့ ဂရင်းဝုဒ်၊ အက်ဂါတို့ ဒဏ်ရာရသွားတာကြောင့် ရလဒ်ပိုင်းကျဆင်းခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ နည်းပြနဲ့ ကစားသမားတွေကြား နားလည်မှုလွဲမှားခဲ့တာကြောင့် ရလဒ်ပိုင်းဆက်တိုက် ကျဆင်းသွားခဲ့ပြီး လက်ရှိမှာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက်တောင် ရုန်းကန်နေရတာဖြစ်ပါတယ်။ မာဆေးအသင်းဟာ အခုပွဲကိုနိုင်ခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့်ပြန်ရဖို့အခွင့်အရေးရမှာဖြစ်ပြီး တိုက်စစ်ပိုင်းက ဂရင်းဝုဒ်၊ အူဘာမီယန်၊ ဂူအီရီတို့လဲ ဒဏ်ရာက ကောင်းလာတာကြောင့် တိုက်စစ်ကစားပုံကောင်းလာမှာသေချာပါတယ်။ နည်းပြသစ်ဘီရီကတော့ အသင်းကို အကောင်းဆုံးစုစည်းနေပေမဲ့ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးခဲ့တာကိုကြည့်ရင် လိုအပ်ချက်တွေရှိနေတာကိုတွေ့ရမှာပါ။ ဂရင်းဝုဒ်ဟာ အထောင်တိုက်စစ်မှာကစားရင် ဂိုးရဖို့ခက်ခဲသွားတာကို လိုရီယန့်ပွဲမှာ တွေ့မြင်ရတာကြောင့် နည်းပြအနေနဲ့ မက်ဇ်နဲ့ပွဲစဉ်ကအတိုင်း နောက်ချန်တိုက်စစ်မှာအသုံးပြုမယ်ဆိုရင်တော့ ခံစစ်ပိုင်းအားနည်းနေတဲ့ နိုက်အသင်းကို ဂိုးသွင်းယူနိုင်မှာ သေချာပါတယ်။

နိုက်အသင်းကတော့ ကစားသမားကောင်းတွေမွေးထုတ်နိုင်ပေမဲ့ အခုရာသီမှာ တိုက်စစ်က ဂတ်ဆန်း၊ ခံစစ်ကဂိုးသမား ဘူလ်ကာ၊ ခံစစ်ကစားသမား တော့ဒီဘိုတို့ကို ရောင်းချခဲ့တာတွေ့ရမှာပါ။ ဒါပေမဲ့ အဲဒီကစားသမားတွေနေရာမှာ ကစားသမားထပ်မံဖြည့်တင်းနိုင်ခြင်းမရှိတာကြောင့် အခုပြိုင်ပွဲမှာရလဒ်ပိုင်းကျဆင်းခဲ့ပြီး လက်ရှိမှာတန်းမဆင်းရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိမှာ ကစားသမားအချင်းချင်းချိတ်ဆက်မှုလွဲမှားနေမှုတွေကြောင့် ဒုတိယရာသီဝက်မှာကစားခဲ့တဲ့အမှတ်ပေးပွဲတွေမှာ အန်ဂါတစ်သင်းထဲကိုနိုင်ပွဲရခဲ့ပြီး ကျန်အသင်းတွေနဲ့ပွဲမှာ ရမှတ်ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာလဲ မာဆေးအသင်းက အသာရခဲ့သလို လက်ရှိခြေစွမ်းပိုင်းနဲ့ တိုက်စစ်ကစားပုံကလဲ မာဆေးပဲအသာရနေတာဖြစ်လို့ အိမ်ရှင်မာဆေးနဲ့ပဲလက်တွဲရမှာပါ။

**မာဆေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | ၁ | - | ၀ | အော့ဇေး |
| မာဆေး | ၁ | - | ၂ | လိုင်လီ |
| မိုနာကို | ၂ | - | ၁ | မာဆေး |
| မာဆေး | ၃ | - | ၁ | မက်ဇ် |
| လိုရီယန့် | ၂ | - | ၀ | မာဆေး |

**နိုက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နိုက် | ၀ | - | ၄ | ပီအက်စ်ဂျီ |
| စထရာဘော့ | ၃ | - | ၁ | နိုက် |
| နိုက် | ၁ | - | ၁ | လီဟာဗေး |
| လိုင်လီ | ၀ | - | ၀ | နိုက် |
| စထရာဘော့ | ၀ | - | ၂ | နိုက် |

# ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေထောက်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**မော်လိုက် ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေထောက်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၇၀၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေထောက်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၅၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၇၀၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိမှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မြေထောက်ပဲ စိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာ ပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မြေထောက်ပဲ စိုက်တောင်သူများအနေဖြင့် စိုက်ကေများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးဖို့အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မကွေးမြို့နယ် သမန်းတော (တ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မကွေး ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သမန်းတောကျေးရွာအုပ်စု သမန်းတော(တ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဇောဟိန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ ကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ်သိန်း ၂၆၀၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၁၄၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၁ သိန်းထိ ထုတ်ချေးပေးထားကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဇောဟိန်း ကပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

**စာပေမြင့်မှ လူမျိုးတင့်မည်**












## ဝန်ထမ်းအလိုရှိသည်

၁။ **ယာဉ်မောင်း** အမျိုးသား (၁)ဦး
လစာ ၄၅၀၀၀၀ + ရက်မှန်ကြေး ၅၀၀၀၀
နှစ်ပြည့် Bonus

၂။ **ဆိုင်ကူ(ယာဉ်နောက်လိုက်)** အမျိုးသား (၃)ဦး
လစာ ၄၀၀၀၀၀ + ရက်မှန်ကြေး ၅၀၀၀၀
နှစ်ပြည့် Bonus

၃။ **ဆိုင်ကူ** အမျိုးသမီး (၁)ဦး
လစာ ၄၀၀၀၀၀ + ရက်မှန်ကြေး ၅၀၀၀၀
နှစ်ပြည့် Bonus

၄။ **Computer စာရင်းကိုင်** အမျိုးသမီး (၁)ဦး
လစာ ၄၀၀၀၀၀ + ရက်မှန်ကြေး ၅၀၀၀၀
နှစ်ပြည့် Bonus

၅။ **အရောင်း(Tiktok ပါရိုက်ရမည်)** အမျိုးသမီး (၁)ဦး
လစာ ၄၀၀၀၀၀ + ရက်မှန်ကြေး ၅၀၀၀၀
နှစ်ပြည့် Bonus

၆။ **သန့်ရှင်းရေး** အမျိုးသမီး (၁)ဦး
လစာ ၃၅၀၀၀၀ + ရက်မှန်ကြေး ၅၀၀၀၀
နှစ်ပြည့် Bonus

၇။ **Security(ညစောင့်)** အမျိုးသား (၁)ဦး
လစာ ၂၅၀၀၀၀ + ရက်မှန်ကြေး ၅၀၀၀၀

လိုအပ်သောစာရွက်စာတမ်းများယူဆောင်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

**Kedia Lights လျှပ်စစ်**

အမှတ်(၂၈၃)၊ ၈၁ လမ်း (၂၆ x ၂၇) လမ်းကြား၊ မန္တလေးမြို့။

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမအလက(ခွဲ)၊ Grade-5 တွင် ပညာသင်ကြားနေသော မနန်းနေခြည်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁၀-၂၀၁၄ ဖြစ်ပါကြောင်း။

**မနန်းနေခြည်ဦး၊ ၄-၁၀-၂၀၁၄**

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ် သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။
- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဓါယာရှော့ဖြစ်ခြင်း။
- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။
- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ၊ တာချီလိတ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်သားများသည် နိုင်ငံတော်ကို ချစ်သော စိတ်၊ တိုင်းပြည်ကို ချစ်သော စိတ်တို့ဖြင့် မိမိဆန္ဒအလျောက် စွန့်လွှတ်စွန့်စားစွာ

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA ၊ AA ၊ PLA အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်အချို့အပါအဝင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင် အမျိုးသားဦးရေ ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၅၁၇ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ❑



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

